ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့၁၂-၁၂-၂၀၁၆ ရက်နေ့မှာ အစည်းအဝေး

သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ Cyber Market ဟောပြောပွဲတက်ရောက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ စစ်ဘေးရှောင်ပြည်သူများကို သွားရောက်တွေ့ဆုံရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်နှင့် ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်ကစုစုပေါင်းခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## စစ်ဘေးရှောင်များအားနေ့တွက်စရိတ် တစ်ရက်စာ လှူဒါန်းခြင်း လွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မူဆယ်မြို့ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာကို ပေးလှူရန် စီစဉ်ချင်ပါတယ်။ ထိုသို့ပေးလှူမှုကို ကိုယ်စားလှယ်များအနေဖြင့် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာကို မူဆယ်မြို့ စစ်ဘေးရှောင် ပြည်သူများအတွက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ထိုင်း၊ မလေးရှားနှင့် စင်္ကာပူကဲ့သို့သော နိုင်ငံများသို့ မြန်မာနိုင်ငံသားများ သွားရောက် လည်ပတ်လုပ်ကိုင်ရာတွင် အခက်အခဲမကြုံတွေ့စေရန်၊ ထိုကဲ့သို့ ကူးလူးဆက်ဆံမှု များသောနိုင်ငံများတွင် နေထိုင်လုပ်ကိုင်စဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အကူအညီတောင်းခံနိုင်ရန် အချက်အလက် အကျဉ်းချုပ် ပါဝင်သော အသိပညာပေးရေး စာအုပ်ငယ်များ ရိုက်နှိပ်/ဖြန့်ချိပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ) မောင်တူးက ထိုင်း၊ မလေးရှားနှင့် စင်္ကာပူကဲ့သို့သော နိုင်ငံများသို့ မြန်မာနိုင်ငံသားများ သွားရောက် လည်ပတ်လုပ်ကိုင်ရာတွင် အခက်အခဲမကြုံတွေ့စေရန်၊ ထိုကဲ့သို့ ကူးလူးဆက်ဆံမှုများသောနိုင်ငံများတွင် နေထိုင်လုပ်ကိုင်စဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အကူအညီ တောင်းခံနိုင်ရန် အချက်အလက် အကျဉ်းချုပ် ပါဝင်သော အသိပညာပေးရေး စာအုပ်ငယ်များ ရိုက်နှိပ်/ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစိုးသီဟ(ခ)ဦးမောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ) မောင်တူး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးမြန်းချင်တဲ့ မေးခွန်းကတော့ ထိုင်း၊ မလေးရှား၊ စင်္ကာပူကဲ့သို့သောနိုင်ငံများသို့

မြန်မာနိုင်ငံသားများ သွားရောက်လည်ပတ် အလုပ်လုပ်ကိုင်ရာတွင် အခက်အခဲ မကြုံတွေ့စေရန်နှင့် ထိုကဲ့သို့ကူးလူးဆက်ဆံမှုများသောနိုင်ငံများတွင် နေထိုင်လုပ်ကိုင်နေစဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အကူအညီတောင်းခံနိုင်ရန် အချက်အလက်အကျဉ်းချုပ်ပါဝင်သော အသိပညာပေးရေး စာအုပ်ငယ်များ ရိုက်နှိပ်/ဖြန့်ချိပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်အတွင်းမှာ နေထိုင်တဲ့ ဒေသခံတိုင်းရင်းသားများဟာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန်၊ လည်ပတ်ရန် သွားရောက်ကြပါတယ်။ ထိုသို့သွားရောက်ကြရာတွင် ထိုနိုင်ငံများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ပထဝီအနေအထားများ၊ လိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များကို မသိရှိ နားမလည်ပါသဖြင့် အရေးယူခံရခြင်း၊ လိမ်လည်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ လူကုန်ကူးမှု ခံရခြင်း၊ အထင်သေးခွဲခြားဆက်ဆံခံရခြင်း စသည့်လူမှုဒုက္ခအခက်အခဲများနှင့် ကြုံတွေ့ကြရပါတယ်။ အကူအညီလိုအပ်သည့်အခါလည်း မည်သူ့ထံ မည်သို့ ဆက်သွယ်အကူအညီ တောင်းခံရမည်ကို မသိရှိနားမလည်ကြပါ။ ထိုသို့ မွန်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများသာမက မြန်မာနိုင်ငံသားအားလုံး လေ့လာသိရှိနိုင်ရန်အလို့ငှာ သက်ဆိုင်ရာနိုင်ငံများ၏ အဓိကသိရှိရန်လိုအပ်သော အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နိုင်ငံတော်မှလည်း အခွန်ငွေရရှိစေရန်အလို့ငှာ တရားဝင် ငွေလွှဲပြောင်းနိုင်သော ဘဏ်အမည်များ၊ ဘဏ်လိပ်စာများ၊ မြန်မာသံရုံး၊ ကောင်စစ်ဝန်ရုံး လိပ်စာများ၊ ဖုန်းနံပါတ်များ၊ အကူအညီတောင်းခံနိုင်ရန် ဌာနများ၏လိပ်စာများ၊ ဖုန်းနံပါတ်များ၊ အီးမေးလ်လိပ်စာများ စသဖြင့် အချက်အလက် အကျဉ်းချုပ်ပါဝင်သော အသိပညာပေး စာအုပ်ငယ်များ ရိုက်နှိပ်/ဖြန့်ချိပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မွန်ပြည်နယ် အတွင်းမှာနေထိုင်တဲ့ ဒေသခံတိုင်းရင်းသားများရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အိန္ဒိယအစိုးရက နှစ်နိုင်ငံသဘောတူ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့်မညီဘဲ ဆောက်လုပ်ထားသော မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုး အစိတ်အပိုင်းများ ဖျက်သိမ်းဖယ်ရှားနိုင်ရေး အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က အိန္ဒိယအစိုးရက နှစ်နိုင်ငံသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့် မညီဘဲဆောက်လုပ်ထားသော မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုး အစိတ်အပိုင်းများဖျက်သိမ်း ဖယ်ရှားပေးနိုင်ရေး အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၀း၂၀။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကြွရောက်လာသောဧည့်သည်များအားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ အိန္ဒိယ အစိုးရက နှစ်နိုင်ငံသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်မညီဘဲ ဆောက်လုပ်ထားသော မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးအစိတ်အပိုင်းများ ဖျက်သိမ်းဖယ်ရှားနိုင်ရေး အိန္ဒိယအစိုးရ နှင့် ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ် ၇၉ နဲ့ ၈၁ ကြားမှာ (၆)မိုင်ခန့် ရှည်လျားတဲ့ နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို အိန္ဒိယအစိုးရက ၂၀၁၁ ခုနှစ်၊ နှစ်ဦးပိုင်းမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ နှစ်နိုင်ငံ ကျွမ်းကျင်ပညာရှင်များ ပူးတွဲတိုင်းတာ အတည်ပြုပြီးမှသာ ဆောင်ရွက်ရမှာဖြစ်သော်လည်းပဲ အိန္ဒိယအစိုးရက မြန်မာအစိုးရရဲ့ သဘောထားကိုဆန့်ကျင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၂၁ ရက်နေ့အထိ နှစ်နိုင်ငံပူးတွဲ စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းတိုင်းတာပြီး ပူးတွဲအစီရင်ခံစာ ထုတ်ပြန်ခဲ့ပါတယ်။ ၎င်းအစီရင်ခံစာအရ သိရှိရတာကတော့ (က) ခြံစည်းရိုး (၅.၃၄)မီတာ အစိတ်အပိုင်းတစ်ခုနဲ့ (၄၉)မီတာအရှည် ခြံစည်းရိုးအစိတ်အပိုင်းတစ်ခုတို့ဟာ အဆောက်အဦ မဆောက်လုပ်ရ (၁၀)မီတာဇုန်အတွင်း ကျရောက်နေပြီး (၁၇.၇)မီတာအရှည် ခြံစည်းရိုးအစိတ်အပိုင်း တစ်ခုသည် နှစ်နိုင်ငံနယ်စပ်မျဉ်းကျော်လွန်ပြီးတော့ မြန်မာနိုင်ငံအတွင်း ကျရောက်နေပါတယ်။ (ခ) အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့၊ ဂေါဘာဂျမ်(Govajang) ကျေးရွာမှာရှိတဲ့ လူနေအိမ်(၄)လုံးနှင့် ဘုရားရှိခိုးကျောင်း တစ်ခုသည် အဆောက်အဦမဆောက်လုပ်ရ (၁၀)မီတာဇုန်အတွင်း ကျရောက်ပြီး၊ အခြားလူနေအိမ်(၃)လုံးသည် နယ်စပ်မျဉ်းပေါ် ခွဆောက်ထားကြောင်းနှင့် အခြားလူနေအိမ် (၅)လုံးမှာ နှစ်နိုင်ငံနယ်စပ်မျဉ်းကျော်လွန်ပြီး မြန်မာနိုင်ငံအတွင်းဆောက်လုပ်ထားကြောင်း တွေ့ရှိရပါတယ် ခင်ဗျား။

အိန္ဒိယနိုင်ငံအစိုးရက နှစ်နိုင်ငံသဘောတူစာချုပ်ပါ စည်းမျဉ်း စည်းကမ်းများနှင့် မကိုက်ညီဘဲ ဆောက်လုပ်ထားခဲ့တဲ့ ၎င်းနယ်စပ်ခြံစည်းရိုးဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာ နယ်မြေတည်တံ့ခိုင်မြဲမှုကိုခြိမ်းခြောက်နေတဲ့သဘော သက်ရောက်နေပါသဖြင့် ၎င်းခြံစည်းရိုး အစိတ်အပိုင်းများ ဖျက်သိမ်းဖယ်ရှားရေး၊ အိန္ဒိယအစိုးရနှင့် သံတမန်ရေး ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင် မြင်ကွင်းပုံ (၈)




ကျွဲ၊ နွား၊ တိရိစ္ဆာန်၊ ကျွန်းနှင့် သစ်မာများ မှောင်ခိုသွင်းရန် ဖွင့်ထားနိုင်ပြီး ကျန်အချိန်များတွင် ပိတ်ထားနိုင်သော  နယ်စပ်ခြံစည်းရိုးပေါ်ရှိ တံခါးပေါက်ကြီးတစ်ခု၏ မြင်ကွင်းပုံ (၈-၁)



နယ်နိမိတ်မှတ်တိုင် ဘီပီ ၇၉ မှ ဘီပီ ၈၁ ကြားတွင် အိန္ဒိယနိုင်ငံမှ ကာရံထားသည့် နယ်စပ်ခြံစည်းရိုး၏ မြင်ကွင်းပုံ (၈-၂)



**မလေးရှားနိုင်ငံသို့ သွားရောက်မည့်သူများသည် ယခင်က Visa ကြေး (USD 6) သာ ကုန်ကျရာမှ ၁၈-၁-၂၀၁၆ရက်နေ့မှ စတင်ကာ (USD 57) သို့ ပိုမိုကုန်ကျနေရသော One Stop Center (OSC) စနစ်ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် နိုင်ငံသားများ၏ ပိုမိုကုန်ကျငွေများသည် နိုင်ငံတော်အတွက် အခွန်မည်မျှရရှိသည် သို့မဟုတ် မည်သူတို့က ရယူခံစားနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှဦးလှဆန်း က မလေးရှားနိုင်ငံသို့ သွားရောက်မည့်သူများသည် ယခင်က Visa ကြေး အမေရိကန်ဒေါ်လာ (၆)ဒေါ်လာ(USD 6) သာ ကုန်ကျရာမှ ၁၈-၁-၂၀၁၆ ရက်နေ့မှ စတင်ကာ အမေရိကန်ဒေါ်လာ (၅၇)ဒေါ်လာ(USD 57) သို့ ပိုမိုကုန်ကျနေရသော One Stop Center (OSC) စနစ်ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် နိုင်ငံသားများ၏ ပိုမိုကုန်ကျငွေများသည် နိုင်ငံတော်အတွက် အခွန်မည်မျှရရှိသည် သို့မဟုတ် မည်သူတို့က ရရှိခံစားနေရသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အလုပ်သမားများအပါအဝင် မည်သည့်အကြောင်းကိစ္စနှင့်ပင် သွားရောက်ပါစေ၊ သွားရောက်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး အကျိုးထိခိုက်နစ်နာမှု မရှိစေရန်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး သွားလမ်းများသာလို့ လာလမ်းများဖြောင့်ဖြူးစေရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်းမှ ၎င်းဖော်ပြပါ မေးခွန်း အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီ ရဲ့ လေ့လာသိရှိမှုနဲ့ တင်ပြမှုများကို အခြေခံပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅

ရက်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးသို့လည်း အစီရင်ခံစာများ တင်ပြထားရှိကြောင်း သိရှိရသလို ကျွန်တော့်အနေဖြင့်လည်း မေးခွန်းမေးရန် စက်တင်ဘာလ ၃ ရက်၊ ၂၀၁၆ ခုနှစ် ရက်စွဲဖြင့် အမျိုးသားလွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြထားသဖြင့် ယနေ့ဆို (၃)လ ကျော်သွားပါပြီ။

ယင်းအချိန်ကာလအတွင်းမှာ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအနေဖြင့် စီမံဆောင်ရွက်ပြီးစီး မယ်ဆိုပါကလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားပါရစေခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်သော တရားမဝင် မြန်မာအလုပ်သမား များအား ပြန်လည်ဝင်ရောက်စေပြီး အဆိုပါ (OSC)One Stop Service Center မှ တရားဝင်ပြုလုပ်ရေး (6 P) အစီအစဥ်အတွက် ချမှတ်ထားသောခွင့်ပြုမိန့်ကို အသုံးချပြီး မလေးရှား ဘက်ခြမ်းမှ ကုမ္ပဏီတစ်ခုနှင့် မြန်မာဘက်ခြမ်းမှ ကုမ္ပဏီတစ်ခုတို့မှ မသက်ဆိုင်သော အလုပ်သမား အသစ်များ အလည်အပတ်၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ဖြင့် သွားရောက်သူအားလုံးကို (OSC)One Stop Service Center သီးသန့်ဖွင့်လှစ်ပြီး USD (57) အမေရိကန်(၅၇)ဒေါ်လာအထိ ကောက်ခံပြီးတော့ ယင်းမှတစ်ဆင့် Visa လျှောက်ထားရသည်ကိုလည်း သိရှိရပါသည်။ မလေးရှား နိုင်ငံမှ USD (6) သာ ကောက်ခံရရှိကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ ကျွန်တော်တို့ အကြောင်း အချင်းအရာ ဖြစ်ပျက်နေသည့် ၂၀၁၆ ခုနှစ်၊ နှစ်ဦးအစ (၁)လပိုင်း ၁၈ ရက်၊ ၁၉ ရက်နေ့များမှာ သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံညှိနှိုင်းကြကြောင်းလည်း သိရှိမှတ်သားခဲ့ရပါတယ်။ ညှိနှိုင်းဆွေးနွေး သည့်အချိန်၊ ရက်စွဲများသည် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေး လွှတ်တော်များကို စတင်ကျင်းပသည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်အချိန်နှင့် ၁၀ ရက်ခန့်သာခြားပြီး စပ်ကူးမပ်ကူး အချိန်ကာလလည်းဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်သူများရဲ့ ချွေးနှဲစာကို ချွေးနှဲစာများဖြစ်တဲ့ ပြည်တွင်းအလုပ်သမားများ အားလုံးအတွက် ကုန်ကျငွေ နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ရန် ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ပြည်တွင်းအလုပ်သမားများ နိုင်ငံခြားရပ်ခြား ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြရာမှာ အောက်လမ်းကသွားတာဆိုတာ မြေပြင်ကသွားတာကို ဆိုချင်တာလား။အဓမ္မနည်းကျင့်သုံးပြီး၊ အောက်လမ်းနည်းကျင့်သုံးခိုင်းတာကို ဆိုချင် တာလား။ အထက်လမ်းကသွားတာ ဆိုတာ ဝေဟင်က သွားတာကို ပြောဆိုချင်တာလား။ ဓမ္မနည်း ကျင့်သုံး၊ အထက်လမ်းနည်းကျင့်သုံးတာကိုဆိုလိုချင်တာလား။ မရှိလို့၊ စီးပွားရေး အဆင်မပြေလို့ ပြည်ပတွင် အလုပ်လုပ်ကြရတာ ယခုကဲ့သို့ သတ်မှတ်ကြေးထက်ပိုမိုကောက်ခံမှုများသည် ဝေဟင်က သွားရောက်သည်ဖြစ်လင့်ကစား မတရားနည်းဖြင့် ကောက်ခံခြင်းသည် အောက်လမ်းနည်းဖြင့် ယူဆမိပါတယ်ခင်ဗျား။

သို့ပါ၍ ကျွန်တော်တို့ရဲ့ အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံကိုသွားရောက်တဲ့လူ များ တစ်လလျှင် လူဦးရေ(၅၀၀၀)ခန့် ခန့်မှန်းလို့ရပါတယ်။ အပိုကုန်ကျငွေ တစ်ဦးလျှင်(၅၁)ဒေါ်လာ ဆိုရင် (၅၀၀၀)ခန့်ဆို (၂၅၅,၀၀၀)ခန့် ကုန်ကျနေပြီး၊ ယခု ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်အထိ ခန့်မှန်းခြေ တွက်ချက်ရမယ်ဆိုရင် USD (၃)သန်းခန့် ကုန်ကျနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးများ၊ ဌာနများအဆင့်သို့ မေးမြန်းလိုသည်မှာ မလေးရှားနိုင်ငံသို့ သွားရောက်ရေး တရားဝင်

ကောက်ခံရမည့် အမေရိကန်ဒေါ်လာ (၆)ဒေါ်လာထက် (၅၁)ဒေါ်လာကောက်ခံနေမှုအပေါ် မည်ကဲ့သို့ဆောင်ရွက်ပေးပါမည်လဲ။ သတ်မှတ်ချက်ထက်ပို၍ဆောင်ရွက်ကောက်ခံနေသော ကုမ္ပဏီများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးပါမည်လဲ။ ကောက်ခံရရှိသောငွေများကိုလည်း မည်မျှအထိရရှိနေပြီး၊ မည်သူတွေက အကျိုးခံစားခွင့်ရှိနေပါသလဲဆိုတာကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီးနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင်ဖြစ်ပါတယ်။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိဟ(ခ)ဦးမောင်တူးရဲ့မေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့ အလုပ်သမားဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေပြီးတော့ နှစ်ခုပေါင်း သက်ဆိုင်တဲ့အတွက် ပေါင်းစပ်ညှိနှိုင်းပြီး ဖြေကြားခြင်း၊ တင်ပြခြင်းဖြစ်ပါတယ်။

အဲဒီတော့ ပြည်ပနိုင်ငံများကို မြန်မာအလုပ်သမားများ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ စင်္ကာပူ၊ ဂျပန်၊ ယူအေအီးနဲ့ ကာတာနိုင်ငံများသို့ အဓိက စေလွှတ်လျက်ရှိပါတယ်။ ဒီလို တရားဝင်စေလွှတ်သလို နယ်စပ်တွေမှတစ်ဆင့် တရားမဝင်သွားရောက်မှုများ ရှိနေကြတဲ့အတွက် တရားမဝင်သွားရောက်သူများမှာ အခက်အခဲ အကျပ်အတည်းများနဲ့ အခက်အခဲပေါင်းဆုံနဲ့ ကြုံတွေ့ကြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်ပသို့ အလုပ်လုပ်ကိုင်ရာမှာ တရားဝင်ရွှေ့ပြောင်းသွားလာမှုလမ်းစဥ်ဖြင့် သွားရောက်နိုင်ကြစေရန်၊ ၎င်းတို့ရဲ့ အခွင့်အရေးများ ပိုမိုရရှိစေရေးနဲ့ တာဝန်ဝတ္တရားများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန်၊ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်အတွက် အစိုးရကနေ ကူညီပံ့ပိုးပေးဖို့အတွက် မူဝါဒများ ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအားဖြင့် နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office-LEO)လို့ခေါ်တဲ့ (၇၈)ရုံး၊ နောက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ အဖွဲ့အစည်းပေါ့။ (IOM)နဲ့ ပူးပေါင်းပြီးတော့ဒီရွှေ့ပြောင်းသွားလာမှု အများဆုံးဒေသတွေမှာ ရွှေ့ပြောင်းလုပ်သားများကို ထောက်ပံ့ကူညီရေးဗဟိုဌာန(Migrant Resource Center) (၁၂)ခု၊ နေပြည်တော်နဲ့ ရန်ကုန်မြို့မှာ Complaints Mechanism Centerဒါတိုင်ကြားစရာရှိရင်

တိုင်ကြားဖို့အတွက် ဒီမှာ Complaints Mechanism Center(၂)ခုကို ဖွင့်လှစ်ထားပါတယ်။ အဲဒီ အဆိုပါဌာနတွေမှာပြည်တွင်း၊ ပြည်ပမှာရှိတဲ့အလုပ်အကိုင်အခွင့်အလမ်းများ၊ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရမယ့်၊ လေ့လာရမယ့်အချက်များ၊ နောက်ပြီးတော့ ပြည်ပကို တရားဝင်သွားရောက်ခြင်းရဲ့ ကောင်းကျိုးများ၊ တရားမဝင်သွားရောက်ခြင်းရဲ့ ဆိုးကျိုးများ၊ နိုင်ငံအလိုက်ပြုစုထားတဲ့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခြင်းလုပ်ငန်းစဉ်၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီများစာရင်း၊ အလုပ်အကိုင်ခန့်ထားမှုဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်းစတဲ့ သတင်း အချက်အလက်များ အသေးစိတ် ထည့်သွင်းဖော်ပြထားတဲ့ လက်ကမ်းစာစောင်များကို ရိုက်နှိပ်ဖြန့်ချိ ပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရှိရပါတယ်။

ဒါ့အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမယ့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ ပြန်လည်ရောက်ရှိလာတဲ့အခါမှာ မြန်မာအလုပ်သမားများရဲ့ သတင်းအချက်အလက် တွေရရှိဖို့အပြင်၊ နောက်ပြီးတော့ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးအပြည့်အဝရရှိစေရန်၊ ကာကွယ်စောင့်ရှောက်မှုတိုးမြှင့်ပေးရန် ရည်ရွယ်ပြီးတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ Departure နဲ့ ArrivalLounge နှစ်ခုလုံးမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ဖို့ အတွက် Myanmar Migrant Workers Reporting Counter သတင်းပို့ရန်ဌာနများ ဖွင့်လှစ်ထား ရှိပါတယ်။ အဲဒီ Counter တွေမှာဆိုလို့ရှိရင် ပြည်ပမထွက်ခွာမီ၊ နောက် ပြည်ပမှ ပြန်လည်ရောက်ရှိ လာတဲ့အခါ အဲဒီ Counter များကို သွားရောက်သတင်းပေးပို့ကြရပြီးတော့ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်တွေ၊ Complaints Mechanism Center များသို့ ဆက်သွယ်ရမယ့် တိုင်ကြားနိုင်မယ့် ဖုန်းနံပါတ်တွေ၊ နောက် မိမိတို့သွားရောက်မယ့် သက်ဆိုင်ရာ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိများ၊ အလုပ်သမားကာကွယ်စောင့်ရှောက်ရေး အဖွဲ့တို့ရဲ့ ဖုန်းနံပါတ်တွေ၊ ဆက်သွယ်ရမယ့် လိပ်စာကတ်တွေ၊ ပြည်ပနိုင်ငံများမှာ အရေးပေါ်ကိစ္စတွေ ပေါ်ပေါက်လာလို့ရှိရင် ဆက်သွယ်အကူအညီတောင်းခံဖို့အတွက် ကြိုတင်ပြင်ဆင်နိုင်ရေး၊ ငွေကြေး စီမံခန့်ခွဲရေး၊ မိမိနိုင်ငံကို ပြန်လာရန်အတွက် ပြင်ဆင်နိုင်ရေးတို့နဲ့ ပတ်သက်တဲ့ အချက်အလက် တွေကို ထည့်သွင်းဖော်ပြထားတဲ့ လက်ကမ်းစာစောင်များကိုရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ဒီလိုကောင်တာများဖွင့်လှစ်ထားခြင်းအားဖြင့် တရားဝင်သွားရောက်တဲ့ အလုပ်သမားများရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော်တို့ ပြည်ပကို သွားရောက်မယ့် မြန်မာအလုပ်သမားများ သိရှိရန် အချက်အလက်တွေ၊ မလေးရှားနိုင်ငံကို တရားဝင်အလုပ်လုပ်ကိုင် ရန် သွားရောက်အလုပ်လုပ်ကိုင်ရာမှာ လုပ်ဆောင်ရမယ့် လုပ်ငန်းအဆင့်ဆင့်၊ ထိုင်း-မြန်မာ နားလည်မှု စာချွန်လွှာအရ ထိုင်းနိုင်ငံကို တရားဝင်သွားရောက် အလုပ်လုပ်ကိုင်လို့ရှိရင် ဆောင်သွားရမယ့် လုပ်ထုံးလုပ်နည်းတွေ၊ နောက် ကိုရီးယားသမ္မတနိုင်ငံကို ကျွန်တော်တို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်မယ့် မြန်မာအလုပ်သမားများ သိရှိသိသင့်တဲ့ အချက်အလက်တွေကို (IOM)လို့ခေါ်တဲ့ အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီးတော့ အသိပညာပေး လက်ကမ်းစာစောင်များလည်း ရိုက်နှိပ်ဖြန့်ဝေလျက် ရှိပါတယ်။

နောက် ထိုင်း-မြန်မာ နားလည်မှုစာချွန်လွှာအရ သွားရောက်အလုပ်လုပ်ကိုင်ရမယ့် မြန်မာအလုပ်သမားများအား ပြည်ပသို့ မထွက်ခွာမီ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်မှာ ပါဝင်တဲ့ လုပ်ငန်းခွင်အတွင်း အလုပ်သမားများ လိုက်နာရမယ့် အချက်အလက်များ၊ ရသင့်သည့်အခွင့်အရေးများ၊ ဆောင်ရန်/ရှောင်ရန်များစတဲ့ စာချုပ်ပါအချက်အလက်များကိုလည်း ရှင်းလင်းပြောကြားမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့ရဲ့ Website မှာ၊ နောက်ပြီးတော့ ကျွန်တော်တို့ရဲ့ လူမှုကွန်ရက် Website တွေမှာ သက်ဆိုင်ရာနိုင်ငံအလိုက် မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွေရဲ့ စာရင်းတွေ၊ Hotline ဖုန်းနံပါတ်တွေကို ကြေညာထားပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ သံရုံးတွေကလည်း အချိန်အခါအလိုက် အရေးပေါ် သိသင့်သိထိုက်တဲ့ အချက်အလက်တွေရှိရင် ကျွန်တော်တို့ အဲဒီကနေပြီးတော့ မြန်မာနိုင်ငံသားရေးရာ ကိစ⊞စနဲ့ပတ်သက်ပြီးတော့ သံရုံးများရဲ့ ကျွန်တော်တို့ လူမှုကွန်ရက် မျက်နှာစာတွေမှာလည်း ကျွန်တော်တို့ ထည့်သွင်း ကြေညာခြင်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များနဲ့ပတ်သက်ပြီးတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၎င်းတို့ရဲ့ Website ဖြစ်တဲ့ www.mol.gov.mm၊ လူမှုကွန်ရက် စာမျက်နှာဖြစ်တဲ့ Safe Migration Page တို့မှတစ်ဆင့် ကျွန်တော်တို့ ဒီပြည်ပသွားရောက် အလုပ်လုပ်ကိုင်မယ့် သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အခု ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်လတ် ရဲ့အိန္ဒိယအစိုးရက နှစ်နိုင်ငံသဘောတူ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့်မညီဘဲ ဆောက်လုပ်ထားသော မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ခြံ စည်းရိုး အစိတ်အပိုင်းများ ဖျက်သိမ်းဖယ်ရှားနိုင်ရေး အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆက်လက်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ ၁၀-၃-၁၉၆၇ ရက်နေ့မှာ နယ်နိမိတ်တိုင်းတာသတ်မှတ် ရေးစာချုပ်ကို ချုပ်ဆိုသတ်မှတ်ခဲ့ပြီးတော့ ကဘော်ချိုင့်ဝှမ်းဒေသမှာ မြေပုံနှင့်မြေပြင်ကွဲလွဲမှုကြောင့် (၂၄)မိုင်အတွက် နယ်နိမိတ်မှတ်တိုင်(၉)တိုင်စိုက်ထူရန်၊ မြောက်ဘက်စွန်းမှာရှိတဲ့ မြန်မာ - အိန္ဒိယ- တရုတ် သုံးနိုင်ငံဆုံမှတ်မှာ (၇၉)မိုင်ခန့်သာ တိုင်းတာသတ်မှတ်ရန် ကျန်ရှိနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ (၅)ကြိမ်မြောက် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံမြေတိုင်းအကြီးအကဲများ အစည်းအဝေး သဘောတူညီချက်မှတ်တမ်း အပိုဒ် ၇၊ အပိုဒ်ခွဲ(၁၀)အရ နယ်နိမိတ်မျဉ်းမှနေပြီးတော့ (၁၀)ကီလိုမီတာအကွာ နှစ်ဖက်စလုံးမှာ မည်သည့် အဆောက်အဦမှ တည်ဆောက်ခြင်းမပြုရန် သဘောတူညီထားပါတယ်။

ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တင်ပြခဲ့တဲ့အတိုင်းပါပဲ။ နယ်နိမိတ်မှတ်တိုင် အမှတ် ၇၉ နဲ့ ၈၁ အကြားမှာ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာ သတ်မှတ်ပြီး ဖြစ်တဲ့နေရာဖြစ်သော်လည်းပဲ၊

အဆိုပါနေရာမှာ အိန္ဒိယဘက်ရဲ့ သံပန်းခြံစည်းရိုးရဲ့ အစိတ်အပိုင်းတချို့နဲ့ အဆောက်အဦတချို့ဟာ နယ်နိမိတ်မျဉ်းအားကျော်လွန် ဆောက်လုပ်ထားမှု၊ နောက်ပြီးတော့ နယ်နိမိတ်မျဉ်းမှ (၁၀)မီတာ အကွာအဝေးအတွင်း ကျရောက်နေမှု ရှိ/မရှိကို ကျွန်တော်တို့ သိရှိနိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ကနေ မတ်လအထိ နှစ်ဖက်မြေပုံတိုင်းတာအဖွဲ့များ ပူးတွဲကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ စစ်ဆေးတွေ့ရှိချက်များကိုလည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ကနေပြီးတော့ တင်ပြသွားပြီး ဖြစ်ပါတယ်။ အဲဒီထဲမှာ မှတ်တိုင် ၇၉ နဲ့ ၈၁အကြားမှာ အိန္ဒိယဘက်မှ သံပန်းခြံစည်းရိုးရဲ့ (၁၇.၇)မီတာဟာ အိန္ဒိယ-မြန်မာ နယ်နိမိတ်မျဉ်းကို ကျော်လွန်ဆောက်လုပ်ထားမှု တွေ့ရှိရပါတယ်။

နောက် အိန္ဒိယဘက်မှ ဆောက်လုပ်ထားတဲ့ (၄၉)မီတာနဲ့ (၅.၃၄)မီတာအရှည်ရှိ နယ်ခြားခြံစည်းရိုး (၂)ခု၊ ခြံစည်းရိုးကာရံရန် အောက်ခံကွန်ကရစ်ခုံနဲ့ သံတိုင်(၂)တိုင်၊ နောက်ပြီးတော့ (၃၃.၈၇)မီတာ အဆောက်အအုံ အုတ်တံတိုင်းခြံစည်းရိုးတို့ဟာ အဆောက်အဦ မဆောက်လုပ်ရတဲ့ ဇုန်အတွင်း ကျရောက်နေကြောင်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက် ပြီးတော့ အိန္ဒိယဘက်ကနေ ဒီ တရားမဝင် ကျူးကျော်တည်ဆောက်မှုများကို သံတမန်လမ်းကြောင်းက စာဖြင့် အစဉ်တစိုက် ကန့်ကွက်ခဲ့ပါတယ်။ နောက်ပြီးတော့ နှစ်ဖက်ကျင်းပတဲ့ နယ်နိမိတ်ဆိုင်ရာ အစည်းအဝေးတွေမှာလည်း နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ အစည်းအဝေးများမှာလည်း ထည့်သွင်းကန့်ကွက်ပြောကြားလျက်ရှိပါတယ်။ အိန္ဒိယဘက်ကနေ ပြန်လည်ဖြေကြားတာကတော့ ဒီလိုဖြစ်ရခြင်းမှာ နယ်စပ်နေပြည်သူများအနေဖြင့် သတ်မှတ်ပြီး နယ်နိမိတ် မသိရှိ၍ ဖြစ်ရခြင်းဖြစ်ကြောင်း၊ နယ်နိမိတ်စာချုပ်ပါအချက်များနဲ့ နှစ်ဖက်သဘော တူညီချက်များကို လေးစားလိုက်နာသွားမည်ဖြစ်ပါကြောင်း၊ မြန်မာဘက်မှ ကန့်ကွက်ချက်များကို စိစစ်အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာမှာ ကျင်းပခဲ့တဲ့ တမူး-မိုးရေးတပ်စခန်းအဆင့်ဆွေးနွေးပွဲ ဂိုဘာချန်ကျေးရွာမှ ခြံစည်းရိုးအလျား(၁၇.၇)မီတာ၊ နောက်ပြီးတော့ ခြံစည်းရိုးအလျား(၄၉)မီတာ၊ ခြံစည်းရိုး အလျား(၅.၃၄)မီတာ၊ သံတိုင်နှစ်တိုင်တို့အား Border Road Task Force (BRTF)သို့ အကြောင်းကြားပြီးတော့ ဖယ်ရှားပေးမယ်ဖြစ်ကြောင်းနှင့် လူနေအိမ် စုစုပေါင်း (၁၂)လုံးနဲ့ ဘုရားရှိခိုးကျောင်း(၁)ကျောင်း ကျူးကျော်မှုအား မဏိပူရ်ပြည်နယ် တရားရုံး၏ ဆုံးဖြတ်ချက်မကျသေး၍ ဆုံးဖြတ်ချက်ရရှိပါက အကြောင်းပြန်ကြားပေးမည်ဖြစ်ပါကြောင်း အိန္ဒိယ ဘက်က ပြန်လည်ဖြေကြားခဲ့ပါတယ်။

သို့သော်ယနေ့အထိလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့အပိုင်းမှာ အားနည်းမှုရှိနေ သေးတာကို တွေ့ရကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် နယ်နိမိတ်မျဉ်းသွယ်တန်းမှု ပိုမိုရှင်းလင်း စေရန် နှစ်ဖက်ဒေသခံများ၊ ပြည်သူများနယ်နိမိတ်ကို ပိုမိုလွယ်ကူစွာ သိရှိနိုင်စေရန်၊ အိန္ဒိယဘက် ကနေ တရားမဝင်ဆောင်ရွက်မှုများကို သိရှိနိုင်ရန်နဲ့ နောက်နောင် ထပ်မံမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလကနေ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ နှစ်ဖက်မြေတိုင်းအဖွဲ့များ ပူးတွဲပြီးတော့ မှတ်တိုင် ၇၉ နဲ့ ၈၀ အကြား ထပ်တိုးမှတ်တိုင်စုစုပေါင်း (၁၈)တိုင် စိုက်ထူခဲ့ပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံမှာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်းက နှစ်ဖက်မြေတိုင်းအကြီးအကဲများ အစည်းအဝေးတစ်ရပ်ကျင်းပပြုလုပ်ခဲ့ပြီးတော့ မှတ်တိုင် ၈၀ နဲ့ ၈၂ အကြား ထပ်တိုးမှတ်တိုင်များ

ဆက်လက်စိုက်ထူရေး ဆွေးနွေးခဲ့ကြပြီးတော့ ယင်းကိစ္စကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်တဲ့ ဒီနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆွေးနွေးပွဲမှာသော်လည်းကောင်း၊ နောက်ပြီးတော့ နိုင်ငံတော်သမ္မတကြီး အိန္ဒိယနိုင်ငံခရီးသွားရောက်စဥ်မှာ သော်လည်းကောင်း၊ နောက်ပြီးတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံခရီးစဥ် သွားရောက်ခဲ့စဥ်မှာသော်လည်းကောင်း၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အနေနဲ့ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ သို့သော်လည်း အိန္ဒိယဘက်မှာ သူတို့ဘက်မှာ အကောင်အထည် ဖော်ရန် ခက်ခဲတဲ့အကြောင်းပြချက်နဲ့ ပတ်သက်ပြီးတော့ လာမယ့် ၂၀၁၇ခုနှစ်အတွင်းမှာ ဒေသဆိုင်ရာ ရွေးကောက်ပွဲများပြုလုပ်ရန်ရှိတဲ့အတွက် ဒါ ပြည်သူများ မကြိုက်နှစ်သက်တဲ့ ကိစ္စများတွေကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ အခက်အခဲရှိသေးတဲ့အတွက် သည်းခံပြီးတော့ စောင့်ဆိုင်း ပေးဖို့နဲ့ သဘောတူချက်အတိုင်း သူတို့အနေနဲ့ အခွင့်အရေးပေးတာနဲ့အမျှ အကောင်အထည်ဖော်ရေး အတွက် ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း အိန္ဒိယဘက်က ပြန်ကြားထားခြင်းကိုလည်း တင်ပြ လိုပါတယ်။ တကယ်လို့ အိန္ဒိယဘက်ကနေပြီးတော့ ဆက်လက်အကောင်အထည်မဖော်ဘူးဆိုရင် ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အလားတူကိစ္စတွေ ထပ်မံမပေါ်ပေါက်ရေးနဲ့ နောက်ပြီးတော့ ထပ်တိုးမှတ်တိုင်များ စိုက်ထူတဲ့နည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်သွားဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆန်း ရဲ့ မေးမြန်းထားတဲ့မလေးရှားနိုင်ငံသို့ သွားရောက်မည့် သူများဟာ ယခင်က Visa ကြေး (USD 6) ကုန်ကျရာကနေပြီးတော့ ယခုအခါမှာ (USD 57)သို့ ပိုမိုကုန်ကျနေရတဲ့ One Stop Service Center (OSC) စနစ်ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် နိုင်ငံသားများ၏ကုန်ကျငွေများသည် နိုင်ငံတော်အတွက် အခွန်မည်မျှရရှိသည်၊ မည်သူတို့က ရယူခံစားနေသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အဓိကကတော့ OSC ဆိုတဲ့ ဒီOne Stop Service Center ကို တည်ထောင်ခြင်းသည် ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရ မည်သည့်ဝန်ကြီးဌာနကနေပြီးတော့ ခွင့်ပြုထားခြင်း မဟုတ်ပါ။ ၎င်းသည် One Stop Service Center ကို မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ နောက်ပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ မလေးရှားသံရုံးကနေပြီးတော့ တည်ထောင်ဖွင့်လှစ်ထားခြင်း ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မလေးရှားသံရုံးကို စုံစမ်းကြည့်တဲ့အခါမှာ မလေးရှား ပြည်ဝင်ဗီဇာ ထုတ်ပေးရေးအတွက် မလေးရှားနိုင်ငံက လုပ်ငန်းကုမ္ပဏီဖြစ်တဲ့ Bukti Megah Sdn.Bhd နဲ့ ၎င်းတို့ရဲ့ ပြည်တွင်း မိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Diamond Palace Group တို့ဟာ One Stop Center(OSC) တစ်ခုကို ဖွင့်လှစ်ရန် မလေးရှားအစိုးရကနေပြီးတော့ တာဝန်ပေးအပ် ထားခဲ့ကြောင်း သိရှိပါတယ်။

အဲဒီအဆိုပါ One Stop Center အား ပြည်ထောင်စုရိပ်သာမှာ ၁-၁၂-၂၀၁၅ ရက်နေ့က စပြီးတော့ စတင်စမ်းသပ်ဖွင့်လှစ်ခဲ့ပြီးတော့ အဲဒီဟာသူတို့ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ ချောမွေ့မှု ရှိတဲ့အတွက် ဆိုပြီးတော့ ၅-၁-၂၀၁၆ ခုနှစ်ကစပြီးတော့ အဲဒီOne Stop Center ကိုတရားဝင် ဖွင့်လှစ်ပြီးတော့ ပြည်ဝင်ဗီဇာများကို ကောက်ခံလျက်ရှိကြောင်း သိရှိရပါတယ်။ အဓိက ရည်ရွယ်ချက် သည် ဗီဇာ လျှောက်ထားမှုများပြားတဲ့အတွက် ဝန်ဆောင်မှုကို မလေးရှားသံရုံးက မနိုင်နင်းတဲ့အတွက် ဝန်ဆောင်မှု ကုမ္ပဏီတစ်ခုကို သီးခြား တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ဗီဇာခအနေနဲ့ US ဒေါ်လာ(၆)ဒေါ်လာ၊ System Fee အနေနဲ့ US ဒေါ်လာ(၂၆) ဒေါ်လာ၊ ဝန်ဆောင်မှု၊ ဝန်ဆောင်ခပေါ့နော်၊ Service Fee အနေနဲ့ US ဒေါ်လာ(၂၅)ဒေါ်လာ၊ ကောက်ခံကြောင်းလည်း ထပ်လောင်းသိရှိရပါတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စတင်တည်ထောင်ခါစက နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ဟာ သက်ဆိုင်ရာ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးနဲ့ တွေ့ဆုံပြီးတော့ အလုပ်သမားများပေးဆောင်ရတဲ့ ဗီဇာကြေး (၆)ဒေါ်လာနဲ့ ဝန်ဆောင်စရိတ် (၅၁)ဒေါ်လာ (၂)ရပ်ပေါင်း(၅၇)ဒေါ်လာကို လျှော့ပေးဖို့အတွက် ညှိနှိုင်းဆွေးနွေးမှု များ ပြုလုပ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မလေးရှားသံအမတ်ကြီးက ၎င်းတို့ရဲ့ ဝန်ဆောင်မှု၊ ဆောင်ရွက်မှုစနစ်ပြောင်းလဲကြောင်း၊ အဆိုပါစနစ် အသုံးပြုမှု ဝန်ဆောင်စရိတ်ကို တိုးမြှင့်သွားရခြင်း ဖြစ်ပါကြောင်း၊ ဗီဇာနဲ့ပတ်သက်ပြီးတော့ မလေးရှားနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း နိုင်ငံကိုယ်စား ပြည်ပရှိသံရုံးများမှအကောင်အထည်ဖော်ပေးရခြင်း သာဖြစ်ပါကြောင်း၊ ယခု ဗီဇာကြေးကို တိုးမြှင့်ကောက်ခံမှုနဲ့ ပတ်သက်ပြီးတော့ မလေးရှားသံရုံး အနေဖြင့် မလေးရှားနိုင်ငံအစိုးရဘက်ကနေပြီးတော့ ညွှန်ကြားချက်များကို ကျော်လွန်၍ လုပ်ဆောင်၍ မရသဖြင့် ဒီ OSC ကို သံရုံးအနေနဲ့ ပိတ်သိမ်းပေးလို့ မရရှိပါကြောင်း ပြန်လည်ရှင်းလင်း ပြောကြား ခဲ့ပါတယ်။

အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့ သူတို့ OSC ကို ဖွင့်လှစ်ထားသော်လည်းပဲ ပညာရေး၊ ကျန်းမာရေးနဲ့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့ မြန်မာ အလုပ်သမား(၂၄၈၅)ဦးကို မူလဗီဇာကြေး(၆)ဒေါ်လာနှုန်းဖြင့် ဆောင်ရွက်ပေးပါရန်နဲ့ ယင်းအလုပ် သမားများအတွက် တစ်ရက်ကို (၅၀၀)ဦးနှုန်းနဲ့ (၅)ရက် သီးသန့်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေး နိုင်ခဲ့ပါတယ်။ ဗီဇာကြေးတိုးမြှင့်ကောက်ခံခြင်းဟာ သက်ဆိုင်ရာ မလေးရှားနိုင်ငံရဲ့ မူဝါဒနဲ့ လုပ်ပိုင် ခွင့်ဘောင်အတွင်းရှိတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာအစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်လို့ မရနိုင်တဲ့ အနေအထားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့လည်း ဒီမြန်မာအလုပ်သမားများ ဝန်ဆောင်ခ ပိုမိုပေးဆောင်ရခြင်းကို ဘဝင်မကျမှု ဖြစ်ရပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီ One Stop Center၊ သို့သော်ငြား လည်းပဲ ဒီကိစ္စသည် မလေးရှားသံရုံး၊ မလေးရှားနိုင်ငံအစိုးရကနေ တည်ထောင်ထားခြင်းဖြစ်တဲ့ အတွက် အမေရိကန်ဒေါ်လာ(၅၇)ဒေါ်လာကုန်ကျသည့် One Stop ServiceCenter စနစ်ကို ပြန်လည်သုံးသပ်ဖို့၊ရပ်ဆိုင်းပေးဖို့မှာ မိမိတို့ ဝန်ကြီးဌာနဘက်ကနေ ဆောင်ရွက်ပေးလို့ရရှိနိုင်တဲ့ အနေအထားမဖြစ်ပါဘူး။ မရှိဘူးဆိုတဲ့အကြောင်းကို တင်ပြလိုပါတယ်။ အဲဒီတော့ မလေးရှားနိုင်ငံကို

သွားရောက်တဲ့ အလုပ်လုပ်ကိုင်နေတဲ့ နိုင်ငံသားများအတွက် ပိုမိုကုန်ကျနေတဲ့ ဗီဇာကြေးတွေကို ဘယ်သူကနေရနေလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီရဲ့အခွန်အခတွေကို ကျွန်တော်တို့ မလေးရှားသံရုံး၊ မလေးရှားအစိုးရက ရရှိနေခြင်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ဝန်ဆောင်မှုကို ကူညီဆောင်ရွက်ပေးနေတဲ့ ဒီ Diamond Palace Group ကုမ္ပဏီဟာလည်း မြန်မာကုမ္ပဏီဟာ ဒီဝန်ဆောင်ခလုပ်ငန်းရဲ့ အမြတ်အစွန်းများကို ရရှိမှာသေချာပေါက်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီမြန်မာနိုင်ငံရဲ့ Local Partner ဖြစ်တဲ့ ဒီ မြန်မာဘက်ကနေ၊ မြန်မာနိုင်ငံရဲ့ ကုမ္ပဏီရဲ့ ဝင်ငွေခွန်စည်းကြပ်ရေးနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကနေပြီးတော့ စိစစ်ပြီးတော့ ကောက်ခံသွားမယ်ဆိုလို့ရှိရင် အလုပ်သမားတွေက ပေးသွင်းရတဲ့ ရန်ပုံငွေတွေဟာ မြန်မာနိုင်ငံအစိုးရရဲ့ ဘတ်ဂျက်ကိုလည်း ရောက်ရှိနိုင်မယ်ဖြစ်ပါတယ်လို့ ကျွန်တော် ရှင်းလင်းတင်ပြ ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့တွင် မူးယစ်ဆေးစွဲ ကုသလိုသူများအတွက် သီးသန့်ဆေးကုသဆောင်တစ်ဆောင် ခွင့်ပြုချမှတ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင် က ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့တွင် မူးယစ်ဆေးစွဲ ကုသလိုသူများအတွက် သီးသန့်ဆေးကုသဆောင်တစ်ဆောင် ခွင့်ပြုချမှတ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးကြောင့် လူ့အရင်းအမြစ်တွေ ဆုံးရှုံးနေရသလို အနာဂတ်ဖြစ်ထွန်းဖို့အတွက်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ် ဆိုတာ ကိုယ်စားလှယ်များအားလုံးသိရှိထားကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်

ရဒေသအတွင်းမှာ မူးယစ်ဆေးဝါးကြောင့် ဒေသခံတိုင်းရင်းသားများနဲ့ လူငယ်ထုအတွင်းထဲမှာ မူးယစ်ဆေးဝါးသုံးစွဲမှုဟာ အလေ့အထတစ်ခုလို ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒေသအတွင်းမှာလည်းပဲ လူ့အရင်းအမြစ် ဆုံးရှုံးနေရသလို အနာဂတ်အတွက်လည်း ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခု ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနိုင်ငံတကာမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ မူးယစ်ဆေးစွဲသူများကို ဥပဒေကြောင်းအရ အရေးယူခြင်းထက် အမျိုးသားကျန်းမာရေးဆိုင်ရာ ပြဿနာရပ် အဖြစ် ဆေးဝါးကုသပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းဆောင်ရွက်နေတယ်လို့ အလေးထားဆောင်ရွက်နေတယ် ဆိုတာလည်း သိရှိထားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ထိုကဲ့သို့ ပြင်ဆင်ဆောင်ရွက်နေတဲ့အတွက်လည်း ကြိုဆိုကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံးမှာ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး(၂၆)ခုနဲ့ ဌာနခွဲငယ်(၄၇)ခု၊ စုစုပေါင်း(၇၃)ခု ဖွင့်လှစ်ထားရှိကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မူးယစ်ဆေးစွဲကုသရေးဌာနကြီး(၄)ခု၊ လားရှိုး၊ တောင်ကြီး၊ လွိုင်လင်၊ ကျိုင်းတုံဌာနမှာ ဖွင့်လှစ်ထားပြီးတော့ ဌာနငယ်အဖြစ် ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ နမ့်ဆန်နှင့် မန်တုံမြို့မှာ ဌာနခွဲငယ်ဖွင့်လှစ်ထားရှိပါတယ်။ မန်တုံမြို့နယ်မှာဆိုလို့ရှိရင် ပြည်သူ့ဆေးရုံကြီးဟာ(၂၅)ခုတင်ဆံ့ဆေးရုံဖြစ်တဲ့အတွက်ကြောင့်ဒီသီးသန့်မူးယစ်ဆေးစွဲကုသရေးဆောင်အတွက် လိုအပ်လျက်ရှိနေပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့ စနစ်တကျကုသနိုင်ပြီးတော့ စည်းကမ်းနဲ့ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်မှာ ပြည်သူ့ဆေးရုံ(၂၅)ခုတင်ဆံ့မှာရှိတဲ့ ဆေးရုံကို မူးယစ်ဆေးစွဲကုသရေးဆောင် သီးသန့်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ လွှတ်တော်ကနေတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနနှင့် သံထောင်ကျေးရွာအုပ်စုကျေးလက်ကျန်းမာရေးဌာနတို့ကို (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံများအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝ ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနနှင့် သံထောင်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနတို့ကို (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံများအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊

ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေ့တင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ် ခင်ဗျား။ ဖော်ပြပါ ပုံပါအတိုင်း မြင်တွေ့နေရသော အခြေအနေသည် ပကတိ လက်တွေ့ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရခိုင်ပြည်နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသောမြို့နယ် ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်တွင် ခုတင်(၅၀)ဆံ့ဆေးရုံ(၁)ခု၊ တိုက်နယ်ဆေးရုံ(၁)ခုသာရှိပြီး (၁)နှစ်၊ (၅)နှစ်အောက် ကလေးသေဆုံးမှုအလွန်များပြားလျက်ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ ပလက်ဝမြို့နယ်သည် ကုလားတန်မြစ်ကို အမှီပြု၍ ခေတ်အဆက်ဆက် ဝါးဖောင်၊ လှေ၊ မော်တော် ယာဥ်၊ ကုန်းလမ်း ခြေလျင်ဖြင့် ခရီးသွားလာရပါသည်။

မိုးရာသီတွင် ရေကြီးရေလျှံမှုများနှင့် နှစ်စဥ်ဖြစ်ပွားလျက်ရှိပြီး သာရေးနာရေး အရေးပေါ် ကြုံလာသည့်အခါ ပလက်ဝမြို့ပေါ်ဆေးရုံသို့ မိုးကြီးလေကြီးထဲတွင် သွားရသည်မှာ အန္တရာယ် ရှိပါတယ်။ ရှင်းလက်ဝကျေးရွာအုပ်စုသည် အိမ်ခြေ(၂၀၀)ကျော်ရှိပြီး ရဲစခန်း၊ အထက်တန်းကျောင်း ရှိသော ရွာကြီးတစ်ရွာလည်းဖြစ်ပါတယ်။ ၎င်း ရှင်းလက်ဝကျေးရွာ ကျန်းမာရေးဌာနအောက်တွင် ကျေးရွာအုပ်စုပေါင်း(၉)ခုရှိပြီး ကျန်းမာရေးကိစ္စရပ်များ အခက်အခဲပေါင်း ကြုံတွေ့လျက်ရှိပါသည်။ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်နိုင်မည်ဆိုပါက ပြည်သူများ၏ ကျန်းမာရေးကဏ္ဍများကို ပြေလည် ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ ပလက်ဝမြို့မှ ရေမိုင်ပေါင်း(၆၀)ခန့်ရှိပြီး နယ်စပ်ကျေးရွာဖြစ်သည့် အားလျော်စွာ ဈေးဝယ်၊ ဈေးသွားပြည်သူများ စည်ကားလျက်ရှိပါသည်။

ထို့အတူ သံထောင်ကျေးရွာအုပ်စုသည်လည်း ရဲစခန်း၊ အထက်တန်းကျောင်းရှိပြီး အိမ်ခြေ(၁၈၀)ခန့်ရှိသော ကျေးရွာဖြစ်ပါသည်။ ပလက်ဝမြို့သို့ သွားမည်ဆိုပါက ရခိုင်ပြည်နယ်၊ မြောက်ဦး၊ ကျောက်တော်မြို့များကို ဖြတ်ကျော်၍ ကူးလူးဆက်ဆံနေသည်မှာ ယနေ့ထိပင်ဖြစ်ပါသည်။ သံထောင် ကျန်းမာရေးဌာနအောက်တွင် အုပ်စုပေါင်း(၁၈)အုပ်စု၊ကျေးရွာပေါင်း(၇၁)ရွာရှိပြီး၊ ကျန်းမာရေး ကိစ္စရပ်များ၊ အခက်အခဲများကြုံတွေ့နေရသည်မှာ ရင်နာဖွယ်ဖြစ်ပါသည်။ သံထောင် ကျေးရွာဒေသသည် အလွန်ဝေးလံခေါင်သီတဲ့အတွက် သာရေး၊ နာရေးကိစ္စရပ်များ အရေးကြီးကြုံတွေ့ လာပါက ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ တိုက်ရိုက်ဆေးကုသမှုခံရသည်မှာ ငွေကြေးအကုန်အကျများ ပါသည်။ ကျန်းမာရေးဌာနများ၏ လူနာမှတ်တမ်းများကြည့်မည်ဆိုပါက ပြည့်မီလိမ့်မည်မဟုတ်ပါ။ ဘာကြောင့်လဲဆိုရင် ကျန်းမာရေးမှူးမရှိ ဝန်ထမ်းအင်အားပင် မပြည့်စုံ၍ ပြင်ပရမ်းကုတို့ဖြင့်သာ ဆေးကုသဖြေသိမ့်နေရပါသည်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က ပြည်ထောင်စုဖွားတိုင်းရင်းသား မိသားစုများ၏ လူမှုရေးဘဝကို အလေးထားသောအားဖြင့် ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနနှင့် သံထောင်ကျေးရွာအုပ်စုကျေးလက်ကျန်းမာရေးဌာနတို့ကို ခုတင်

(၁၆)ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မြင်တွေ့ရသော ပကတိအခြေအနေ မြင်ကွင်းပုံ (၀)



မြင်တွေ့ရသော ပကတိအခြေအနေ မြင်ကွင်းပုံ (၀-၁)



ကျန်းမာရေး ကိစ္စရပ်များအတွက် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသဖြင့် သွားလာနေရသော မြင်ကွင်းပုံ (၀-၂)



**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်ပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀ ဆံ့ ဆေးရုံမှ ခုတင် (၁၀၀) ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ချင်းရွှေဟော်မြို့၏(၁၆) ခုတင်ဆံ့ ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင် ပေးရန်အစီအစဉ် ရှိ/မရှိ တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှဦးကျော်နီနိုင် က ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်ပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀ ဆံ့ ဆေးရုံမှ ခုတင် (၁၀၀) ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ချင်းရွှေဟော်မြို့၏(၁၆) ခုတင်ဆံ့ ဆေးရုံကို (၂၅) ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ အဆင့်မြှင့်တင်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးခွန်း မေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ လောက်ကိုင်မြို့နဲ့ ချင်းရွှေဟော်မြို့တွင် အိမ်နီးချင်း တရုတ်နိုင်ငံနှင့်ထိစပ်နေပြီး၊ နိုင်ငံတော် အနေဖြင့် စံနမူနာ အထူးဒေသအဖြစ် ၁၉၉၀ ခုနှစ်မှ စတင် ဖော်ဆောင်ပေးခဲ့ပါတယ်။ ထိုအချိန်မှစ၍ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦများ စနစ်တကျ နိုင်ငံတော်မှ ဆောက်လုပ်ပေး

ခဲ့ပါတယ်။ သို့ရာတွင် လူဦးရေ တိုးတက်များပြားလာခြင်း၊ စံကိုက်အဆင့်မီ အဆောက်အဦများ လိုအပ်လာခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ လိုအပ်ချက်များ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် အောက်ဖော်ပြပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပါရန် လိုအပ်နေပါတယ်။ လောက်ကိုင်ခရိုင်၊ လောက်ကိုင်ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ဆေးရုံမှ ခုတင်(၁၀၀)ဆံ့ စံကိုက်ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးပါရန် စံနမူနာ အထူးဒေသ အဖြစ် RC ကွန်ကရစ်(၂)ထပ်ဆောင် အသစ်ဆောင်ရွက်ပေးပါရန်နဲ့ လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်မြို့၏ (၁၆)ခုတင်ဆံ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ်ပေးပါရန် အထူးလိုအပ်နေပါတယ်။ ဆောင်ရွက်ပေးနိုင်ပါရန်လည်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါသည်။ မေးခွန်း(၁)လောက်ကိုင်ခရိုင်၊ လောက်ကိုင်ပြည်သူ့ဆေးရုံအား ခုတင်(၅၀) ဆံ့ ဆေးရုံမှ ခုတင်(၁၀၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်၊ စံနမူနာ အထူးဒေသအဖြစ် RC ကွန်ကရစ်နှစ်ထပ်ဆောင် အသစ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်နဲ့ မေးခွန်း (၂)လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်မြို့၏ (၁၆)ခုတင်ဆံ့ ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို သိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**အမျိုးသမီးများအတွက် မိသားစုစီမံကိန်းနှင့် သက်ဆိုင်သော သားဆက်ခြားခြင်း/ ကိုယ်ဝန်ဆောင်ခြင်း/ မီးဖွားခြင်းစသည့် ကျန်းမာရေးဆိုင်ရာဗဟုသုတနှင့်သတင်းအချက်အလက်များရရှိနိုင်မှု၊ လုံလောက်သော ကျန်းမာရေးဂရုပြု စောင့်ရှောက်မှု၊ အာဟာရဖြည့်တင်းမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့် အစီအစဉ်ဖြင့် ဆောင်ရွက်နေပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအားကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ဘတ်ဂျက်တိုးမြှင့် သုံးစွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် က အမျိုးသမီးများအတွက် မိသားစုစီမံကိန်းနှင့် သက်ဆိုင်သော သားဆက်ခြားခြင်း/ ကိုယ်ဝန်ဆောင်ခြင်း/ မီးဖွားခြင်းစသည့် ကျန်းမာရေးဆိုင်ရာဗဟုသုတနှင့်သတင်းအချက်အလက်များ ရရှိနိုင်မှု၊ လုံလောက်သော ကျန်းမာရေးဂရုပြုစောင့်ရှောက်မှု၊ အာဟာရဖြည့်တင်းမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့် အစီအစဉ်ဖြင့် ဆောင်ရွက်နေပြီး ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအား ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ဘတ်ဂျက်တိုးမြှင့် သုံးစွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊

ညွှန်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းသွားမယ့် မေးခွန်း ကတော့ အမျိုးသမီးများအတွက် မိသားစုစီမံကိန်းနဲ့ သက်ဆိုင်တဲ့ သားဆက်ခြားၤကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းကိစ္စများအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတနဲ့ သတင်းအချက်အလက်များရရှိနိုင်မှု၊ လုံလောက်တဲ့ကျန်းမာရေး ဂရုပြုစောင့်ရှောက်မှု၊ လုံလောက်တဲ့ အာဟာရဖြည့်တင်းမှုတို့ကို နိုင်ငံတော်အစိုးရအနေနဲ့ မည်သည့်အစီအစဉ်ဖြင့် ဆောင်ရွက်နေတယ်။ ရှေ့ဆက်ဆောင်ရွက်မယ အစီအစဉ်အနေနဲ့ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေကို ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အထက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဘတ်ဂျက်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင် စာရင်းအရ လူဦးရေ(၅၁)သန်းကျော်ရှိတဲ့နေရာမှာ အမျိုးသမီးလူဦးရေဟာ(၂၆)သန်းကျော် ရှိပြီးတော့ လူဦးရေရဲ့(၅၁.၇၈)ရာခိုင်နှုန်းဖြစ်ပါတယ်။ နိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ရှိတဲ့ အမျိုးသမီးများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ ပါဝင်မှုအခန်းကဏ္ဍဟာ အရည်အချင်းအရရော၊ အရေအတွက် အရပါ ဘယ်လောက်အထိအရေးပါတယ်ဆိုတာကို အသိအမှတ်ပြုဖို့ လိုအပ်သလို မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၁ မှာ မိခင်များ၊ ကလေးသူငယ်များနဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကိုအညီအမျှ ခံစားခွင့်ရှိစေရမည်လို့ ဖော်ပြထားသလို တိုင်းရင်းသားအမျိုးသမီးများရဲ့ မိသားစုစီမံကိန်းများနှင့် သက်ဆိုင်သော သားဆက်ခြားၤကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းကိစ္စများတွင် လုံလောက်သော ကျန်းမာရေးဂရုပြုစောင့်ရှောက်မှုနှင့် လုံလောက်သော အာဟာရဖြည့်တင်းမှု ရှိရမည်။ ကျန်းမာရေး ဂရုပြုစောင့်ရှောက်မှုကဏ္ဍတွင် သာတူညီမျှဖြစ်စေရန် နိုင်ငံတော်မှလိုအပ်သော အဆင့်များကို တာဝန်ယူရမည်လို့ CEDAW အပိုဒ် ၁၂ မှာလည်း ဖော်ပြထားပါတယ်။

ကျွန်မတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်းစဥ်လာတွေကြောင့် အမျိုးသမီးတွေဟာ စာတတ်ဖို့ မလိုဘူး။ အိမ်မှုကိစ္စ လုပ်တတ်ရင် တော်ပြီဆိုတဲ့ လွဲမှားတဲ့အယူအဆတွေရဲ့ နောက်ဆက်တွဲဆိုးကျိုး အဖြစ် ကျွန်မတို့ ချင်းပြည်နယ်မှာရှိတဲ့ ကျေးလက်နေအမျိုးသမီးတွေဟာ စာမတတ်ကြသူတွေ များပါတယ်။ ကျား၊ မ စာတတ်မြောက်မှု ကွာဟချက်အများဆုံးကို ချင်းပြည်နယ်မှာ (၁၆.၆)ရာခိုင်နှုန်းနဲ့ တွေ့ရှိရတဲ့အတွက် ချင်းအမျိုးသမီးများဟာ မိမိတို့ရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့ လုံလောက်တဲ့ ကျန်းမာရေးဗဟုသုတကို စာမတတ်တဲ့အတွက် မရရှိကြပါဘူး။ ဒါကြောင့် ကိုယ်ဝန်ဆောင်တွေ အတွက်ပေးတဲ့ အားဆေးကိုတောင်မှ အနံ့မကောင်းဘူးဆိုပြီးတော့မှ မသောက်တဲ့မိခင်လောင်းတွေ အများကြီးရှိတယ်လို့ သိရပါတယ်။

ကျွန်မတို့အကုန်လုံးဟာ မွေးလာတဲ့သားသမီးကိုတော့ အဆင့်မြင့်မြင့် ဖြစ်စေချင်ကြပါ တယ်။ ဒါပေမဲ့ ဒီကလေးမျိုးတွေကို မွေးထုတ်ပေးမယ့် မိခင်လောင်းတွေကိုတော့ လုံလောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့၊ အာဟာရတွေ ပြည့်ပြည့်ဝဝပေးဖို့ ကျွန်မတို့တွေ မေ့လျော့

ပျက်ကွက်နေတတ်ကြပါတယ်။ ကျွန်မတို့နိုင်ငံမှာ ကလေးမွေးဖွားနှုန်းတွေ ကျဆင်းနေပြီးတော့ ကလေးမွေးဖွားမှုနှုန်းဟာ မြို့ပြမှာ (၁.၉)၊ ကျေးလက်မှာ(၂.၈)ဦးဖြစ်ပြီးတော့ ကလေးမွေးဖွားနှုန်း (၅)ဦးဖြင့် အမြင့်ဆုံးဟာ ချင်းပြည်နယ်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ကလေးသေဆုံးမှုနဲ့ အရွယ်ရောက်ပြီးသေဆုံးမှုမှာလည်း ချင်းပြည်နယ်ဟာ အမြင့်ဆုံးမှာ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ချင်းပြည်နယ်မှာ ကလေးမွေးဖွားနှုန်းမြင့်မားနေပေမယ့် သေဆုံးမှုတွေ မြင့်မားနေရတာဟာ အမျိုးသမီးတွေကိုယ်တိုင်နဲ့ မိသားစုပတ်ဝန်းကျင်က လုံလောက်တဲ့ ကျန်းမာရေး အသိပညာ၊ ဗဟုသုတတွေမရှိတာ၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်တွေ မရရှိနိုင်တာနဲ့ လုံလောက်တဲ့ ကျန်းမာရေးဂရုပြုစောင့်ရှောက်မှုနဲ့ လိုအပ်တဲ့ အာဟာရဖြည့်တင်းမှုတွေ လိုနေသေး တယ်လို့ သုံးသပ်ရပါတယ်ရှင်။ ကိုယ်ဝန်ဆောင်များအတွက် အထက်ပါအချက်များကို ဖြည့်ဆည်းပေး နိုင်မှသာ မွေးဖွားလာတဲ့ကလေးဟာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်မှာဖြစ်သလို သေဆုံးမှု နှုန်းကိုလည်း ထိန်းချုပ်နိုင်မှာဖြစ်ပြီးတော့ အရည်အသွေးပြည့်ဝတဲ့ လူသားအရင်းအမြစ်ကို ရရှိမှာဖြစ် ပြီး ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ကိုလည်း စိတ်ချရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီမေးခွန်းကို ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်မတို့တွေ အကုန်လုံး ကိုယ်ဝန်ဆောင်မိခင်များရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးမှ ကျွန်မတို့ရဲ့ အနာဂတ်ကို နိုင်ငံအနာဂတ်ကို စောင့်ရှောက်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီးကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ်မှ ဦးမိုင်းအုဏ်းခိုင် ရဲ့မေးခွန်းဟာ အလွန်လည်းအရေးကြီးပါတယ်။ ဒါ တစ်ပြည်လုံးအတိုင်းအတာနဲ့ ဖြစ်တဲ့အတွက်လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ကျွန်တော်တို့ကို ဘယ်လိုပံ့ပိုးနိုင်တာကို သိရှိရန်အတွက် (၅)မိနစ်တော့ အနည်းငယ်ကျော်တဲ့အတွက်ခွင့်ပြုပေးပါရန် တောင်းပန်အပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း မှန်ပါတယ်။ ဤကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော့်အနေနဲ့က မြန်မာနိုင်ငံရဲ့ National Statementနဲ့ပေါ့လေ။ ကုလသမဂ္ဂအထူး အစည်းအဝေး United NationsGeneral Assembly, SpecialSection on World Drug Problemဌ်လည်း ကျွန်တော့်အနေနဲ့ ၂၁၊ ဧပြီ ယခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ Statement

ကိုကျွန်တော်ဖတ်ကြားခဲ့ပါတယ်။ ဒီ Statement မှာလည်းကျွန်တော်တို့ဟာ ဒီမူးယစ်ဆေးဝါးပြဿနာကို ပြည်သူ့ကျန်းမာရေးပြဿနာ အနေနဲ့ပဲဖြင့် လုပ်ရမယ်။ ဘယ်လိုလုပ်ရမယ်ဆိုတဲ့အချက်များ အားလုံးလည်းပါ ပါတယ်။

ထို့ပြင် အဲဒီအစည်းအဝေးမှာပဲ ဧပြီလ၊ ၁၉ ရက်နေ့က ကျွန်တော်တို့ Coordinated Reginal Response to Drug Protection, Trafficking and use in the Mekong: the importance of Golden Triangle in 2016 ကိုလည်း ကျွန်တော် National Statementကို ဖတ်ကြားခဲ့ပါတယ်။ ဒီမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အချက်များ မှန်ပါတယ် ခင်ဗျား။ ဒီထဲမှာလည်းအသေးစိတ်ကိုရေးထားပါတယ်။ဒီဥစ္စာတွေအားလုံးဟာ ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ Website မှာwww.mohs.gov.mm မှာအားလုံးလည်းပါပါတယ်။ ဒါကို သိခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးဟာ ကျွန်တော်တို့ကို ပံ့ပိုးလို့ရပါတယ်။ ပံ့ပိုးခြင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါကိုလည်း ဖတ်ကြည့်ဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို Request လုပ်ပါတယ် ခင်ဗျား။ ဒီမူးယစ်ဆေးဝါးပြဿနာကို ကျွန်တော့်တို့ အနေနဲ့ ပြည်သူ့ကျန်းမာရေးနဲ့လုပ်မှနိုင်မယ် ခင်ဗျား။ အရေးယူ၊ ဒဏ်ပေး၊ ထောင်ချလို့ လုံးဝမရနိုင်ပါဘူး။ ဒါကတော့ ရှင်းပါတယ်။ ဘာကြောင့်ကျွန်တော်က ပြည်သူ့ကျန်းမာရေးပြဿနာ ဖြစ်တယ်ဆို။ ပြည်သူ့ကျန်းမာရေးပြဿနာ ကြည့်မယ်ဆိုရင် ဒီရောဂါဟာ ဘာကြောင့်ဖြစ်တယ်။ ဘယ်လို ဖြစ်တယ်၊ ဘယ်နေရာမှာ ဖြစ်တယ်၊ ဘယ်အချိန်မှာ ဖြစ်တယ်၊ ဘယ်လိုလူမျိုးမှာဖြစ်တယ်၊ ဘယ်လိုအခြေအနေမျိုးမှာဖြစ်တယ်ဆိုတဲ့ ပြည်သူ့ကျန်းမာရေးအခြေခံမူကြီးဖြစ်တဲ့ Time, Place,Person, Agent, Host, Environmentကို ကြည့်ပြီးစဥ်းစားမှသာလျှင် ကျွန်တော်တို့က အောင်မြင်မယ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ မန်တုံမြို့နယ်မှာလည်း ဒီမူးယစ်ဆေးဝါးပြဿနာကို ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးအနေနဲ့ ပြဿနာအနေနဲ့ ဆက်လက်တိုက်ထုတ်ဖို့ ကျွန်တော်တို့က သန္နိဋ္ဌာန်လည်း ချထားပါတယ်။ လုပ်လည်း လုပ်နေပါတယ်။

ကျွန်တော်တို့ တင်ပြချင်တာက ယခင်ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၇-၁-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၄)ဖြင့် ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူ့ဆေးရုံ၊ မန်တုံတွင် မူးယစ်ဆေးစွဲကုသဌာနငယ် Minor Drug Treatment Centre ကို ကျွန်တော်တိုးချဲ့ဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒီမူးယစ်ဆေး တိုးချဲ့တဲ့နေရာမှာ Major Drug Treatment Centre, Minor ရှိပါတယ်။ ဒီမှာကတော့ မန်တုံကိုတော့ ကျွန်တော်တို့ Minor ပဲခေါ်ပါတယ်။ Major Drug Treatment Centre ကတော့ ကျွန်တော်တို့ ခုတင်(၂၀၀)အထက် ပြည်သူ့ဆေးရုံကြီး (၂၆)ရုံမှာ ဖွင့်လှစ်ထားပြီး၊ ဒီလိုနေရာမျိုးမှာဆိုရင် ကျွန်တော်တို့ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ကြီးကြပ်ပြီးလုပ်တာကတော့ Major ဖြစ်ပါတယ်။ အဲဒီတော့ မန်တုံအနေနဲ့ကတော့ ကျွန်တော်တို့က ဒီ MinorDrug Treatment Centre ကိုလုပ်ထားပါတယ်။ ဒီ မန်တုံဆေးရုံမှာ ဖေဖော်ဝါရီလ ၁ ရက် ၂၀၁၆မှာ တာဝန်ချထားတဲ့ ဆရာဝန်ဟာလည်း ကျွန်တော်တို့ လားရှိုးမြို့မှာပြုလုပ်ခဲ့တဲ့ ဒီ မူးယစ်ဆေးဝါးရောဂါကုသရေးသင်တန်းကျောင်းမှာပါဝင်တဲ့သူဖြစ်ပြီး ကောင်းကောင်း Training ပေးထားတဲ့ ဆရာဝန်တစ်ဦး ဖြစ်ပါတယ်။ ဒီ မန်တုံမြို့နယ်ဆေးရုံရဲ့ (၂၅)ခုတင်ရဲ့ ကျွန်တော်တို့ လူနာစုစုပေါင်းကတော့ တော်တော်လေးနည်းပါတယ်ခင်ဗျား။ ၂၀၁၄ ခုနှစ်မှာ (၈၂၉)ဦး၊ လူနာက

အစုံပါ။ ရောဂါအစုံ၊ ၂၀၁၄ မှာ (၈၂၉)ဦး၊ ၂၀၁၅ မှာ (၁၇၁)ဦး၊ ၂၀၁၆ ဇန်နဝါရီလမှ အောက်တိုဘာမှာ(၈၆၅)ဦးပဲ တက်ရောက်ပြီး တစ်ရက်ပျမ်းမျှ အတွင်းလူနာအနေနဲ့တော့ (၇)ဦးနဲ့ (၈)ဦးပဲ ရှိပါတယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးလူနာ(၅)ဦး လက်ခံပေးနိုင်တဲ့အခန်း(၁)ခန်းပါတဲ့ ဒီကုသရေးဦးစီးဌာနကတော့ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဒီနှစ်အတွင်းမှာပေါ့လေ၊ ပြင်ဆင်ထိန်းသိမ်း စရိတ်ကနေပြီး ရန်ပုံငွေနဲ့ လိုအပ်တဲ့ပြင်ဆင်မှုများကို ကျွန်တော်တို့ စတင်လည်းဆောင်ရွက်သွား ပါမယ်။

အဲဒီတော့ ဒီနေရာမှာတစ်ချက် လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြချင်တာကတော့ ကျွန်တော်တို့အနေနဲ့က Community Based Treatment ကို ကျွန်တော်တို့စပြီးဦးစားပေးပါတယ်။ ဆေးရုံမှာ Treatment ပေးတာမဟုတ်ပါဘူး။ Community Basedဆိုတာ Community မှာရှိတဲ့ Focal Person လူထုကိုကျွန်တော်တို့ သင်တန်းပေးတယ်။ မူးယစ်ဆေးဝါးဟာဘာလဲ။ ဘယ်လို ထိန်းသိမ်းရမလဲ။ ဘယ်လိုကြည့်ရမလဲဆိုတာကို သူ့ကိုသင်တန်းပေးပြီးတော့ သူကတစ်ဆင့် သူ့ရဲ့ Community ရပ်ကွက်ထဲမှာ ဘယ်သူသည် မူးယစ်ဆေးဝါးသုံးနေတယ်။ ဒါမျိုးကိုတွေ့ရင် သူက ခေါ်လာပြီးကျွန်တော် ခုနပြောတဲ့ မန်တုံဆေးရုံခေါ်လာမယ်။ လိုအပ်တဲ့ Treatment တွေကို မြန်မြန် ပေးတယ်။

နည်းနည်းကောင်းသွားရင် ရပ်ကွက်ထဲပြန်လွှတ်လိုက်မယ်။ ပြန်လွှတ်တဲ့အချိန်မှာ ကျွန်တော်တို့ Training ပေးထားတဲ့ Focal Person က အမြဲစနည်းနာနေတယ်။ စနည်းနာပြီးတော့ ဒီလူအခြေအနေကောင်းရင် ဆက်ပြီးတော့ ဒီအတိုင်းသွားမယ်။ မကောင်းဘူးဆိုရင်ဆေးရုံပြန်လာဖို့ ပြောမယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ လုပ်ခဲ့ရတာပဲ။ပြည်သူ့ကျန်းမာရေးနဲ့လည်းညီပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ Mental Health ကိုလည်း ကျွန်တော်တို့ Community Based Mental Health Programတွေလုပ်နေပါတယ်။ မူးယစ်မှာလည်းဒီလိုလုပ်နေပါတယ်။ အဲဒီတော့ ဒီမူးယစ်ဆေးကိစ္စဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လူမျိုးတုံးနိုင်သည့်အတွက် ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် ထပ်ပြီးတင်ပြချင်တာကတော့ မူးယစ်ဆေးဝါးကုတဲ့ဆရာဝန်တွေသည် ကျွန်တော်တို့အနေနဲ့ သင်တန်းက အလွန့်အလွန်တိကျစနစ်ကျတဲ့ သင်တန်းတွေ ပေးထားပါတယ်။ ကုထုံးကုနည်း တွေကိုလည်း စနစ်တကျကျွန်တော်တို့ အားလုံးသင်ထားပါတယ်။ ဒါဟာကျွန်တော်တို့ တော်တော့်ကို အရေးထားခြင်း၊ အထူးပေးခြင်းတွေဖြစ်ပါတယ်။ ကျွန်တော်ဒီညွှန်ကြားချက်၊ ဆေးသုံးစွဲသူမှ ဟုတ်၊မဟုတ်စစ်ဆေးချက်၊ ဆေးဝါးသုံးဖို့ဘယ်လို Treatment ပေးရမယ်ဆိုတာက သေသေချာချာလုပ်တာ။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးတစ်ယောက်အနေနဲ့ အလွန်လည်းနှစ်ခြိုက်ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒီကိစ္စကို ပြည်သူ့ကျန်းမာရေး ပြဿနာအနေနဲ့ တိုက်ခိုက်ပြီးတော့၊ ခုန မန်တုံဆေးရုံမှာလည်းဒီ ခုတင် (၅)ခုဆံ့တဲ့နေရာကို ကျွန်တော်တို့အမြန်ဆုံးလုပ်ပေးဖို့ ပြောကြားရင်း လေးစားစွာပြောကြားအပ်ပါတယ်။

ကျွန်တော်ဆက်လက်ဖြေပါမယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနနှင့် သံထောင်ကျေးရွာအုပ်စု

ကျေးလက်ကျန်းမာရေးဌာနတို့အား (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရေးကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်ဖြေကြားပါမယ်။ ကျွန်တော်တို့ ဒီမှာ Rural Health Centre ကနေပြီးတော့ (၁၆)ခုတင်ကို တိုးသင့်၊မတိုးသင့်ဆိုရင် ကျွန်တော်တို့Criterion တွေရှိပါတယ်။

ကျွန်တော် ပထမအနေနဲ့ သံထောင်ကျေးလက်ကျန်းမာရေးဌာနကို တင်ပြပါမယ်။ သံထောင်ကျေးလက်ကျန်းမာရေးနေရာမှာကတော့ Rural Health Centreလည်းရှိပြီးသားဖြစ်တဲ့ အတွက် အကျုံးဝင်ပါတယ်။ ဒုတိယဖြစ်တဲ့သူ့ရဲ့ Utilization ဆိုတာက Rural Health Centre မှာလာတဲ့ လူနာလာပြတဲ့နှုန်း၊ ကွင်းဆင်းပြီးတဲ့အခါမှာ တွေ့တဲ့လူနာဦးရေ၊ နောက်အခြားဆေးရုံလို Refer လုပ်တဲ့ လူနာဦးရေ ကြည့်တဲ့အခါမှာလည်း အခြေအနေကောင်းပါတယ်။ Utilization Rate အနေနဲ့ကတော့ ၂၀၁၃မှာ (၃၃၄၉)ဦး ရှိပါတယ်။ ၂၀၁၄မှာ (၈၄၁၅)ဦး ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ (၆၈၇၉)ဦး ရှိပါတယ်။ ၂၀၁၆ခု၊ ဇွန်လအထိကို (၄၁၉၂)ဦးရှိတဲ့အတွက် အသုံးပြုမှု ရာခိုင်နှုန်း၊ အသုံးပြုမှု လူဦးရေကလည်းတော်တော်များနေတာတွေ့ရပါတယ်။နောက်ဒီတိုက်နယ်ဆေးရုံအသစ်ကို ဆောက်မယ်ဆိုလို့ရှိရင် မူလရှိတဲ့ Rural Health Centre နဲ့ (၁၀)မိုင်ခန့် ဝေးရပါမယ်။ အခုဒီမှာ ကြည့်တဲ့ အခါလည်း ကိုက်ပါတယ်။ အနီးဆုံးဖြစ်တဲ့ မီးဇာတိုက်နယ်ဆေးရုံနဲ့ဆိုရင်လည်း အလွန်ဝေး ပါတယ်။

ပလက်ဝမြို့နယ်ဆေးရုံနဲ့ဆိုရင်လည်း မိုင်(၆၀)ကျော်ဝေးပါတယ်။ ဆမီးတိုက်နယ်နဲ့လည်း မိုင်(၄၀)အထိသွားရ၊ လာရအလွန်ခက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ သူတို့အနေနဲ့ ကလည်း ဒီ သွားမယ်ဆိုရင် အနီးဆုံးမှာရှိတဲ့ဒီမင်းပြားမြို့နယ်၊ ပန်းမြောင်းတိုက်နယ်ဆေးရုံကို သွားတာလည်း မိုင်(၃၀)လောက် ဝေးပါတယ်။ အဲဒီတော့ အဲဒီအချက်တွေအကုန်လုံး ခြုံငုံသုံးသပ်တဲ့ အခါမှာ ကျွန်တော်တို့ကတော့ဒီသံထောင် Rural Health Centre ကိုတော့ ကျွန်တော်တို့ (၁၆)ခုတင်ဆံ့ကို တိုးပေးပါမယ်။ အဲဒီတော့ ၂၀၁၆-၂၀၁၇နှစ်အတွင်းမှာတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံတင်ပါမယ်။ သို့သော် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကတော့ ကျွန်တော်တို့ ပိတ်သွားပြီဖြစ်တဲ့ အတွက် ၂၀၁၇-၂၀၁၈မှာတော့ မရပါဘူး။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာဘဏ္ဍာနှစ်မှာ ပိုက်ဆံရအောင် ထည့်ပြီးတော့ ကျွန်တော်တို့ (၁၆)ခုတင်ကို လုပ်ပေးပါမယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့က ရှင်းလက်ဝကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုးမယ့် ကိစ္စကတော့ ဒီမှာ ကျေးလက်ကျန်းမာရေးဌာန ရှိပြီးလည်းဖြစ်ပါတယ်။ ဒါအကျုံးဝင်ပါတယ်။ အသုံးပြုမှုနှုန်းကလည်း တော်တော်လေးကို သင့်တင့်တဲ့အခြေအနေရှိပါတယ်။ ၂၀၁၃ခုနှစ်မှာ (၃၈၆၆) ယောက်၊ ၂၀၁၄ခုနှစ်မှာ (၄၅၀၄)ယောက်၊ ၂၀၁၅ခုနှစ်မှာ (၄၁၁၅)ယောက်၊ ၂၀၁၆ခု၊ ဇန်နဝါရီလကနေ ဇွန်မှာ (၂၁၃၅)ယောက် ရှိပါတယ်။ ဒီမူလဆေးရုံ (၁၆)ခုတင်တိုးမယ်ဆိုရင် သူ့အနီးအနားမှာလည်း ဝေးပါတယ်။ သို့သော် ခုနသံထောင်လောက်တော့ မဝေးပါဘူးခင်ဗျား။ အနီးဆုံးမှာရှိတဲ့ မီးဇာ တိုက်နယ်ဆေးရုံကတော့ မိုင်(၂၀)ပဲဝေးပါတယ်။ မိုင်(၂၀)ဝေးတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့က ဒီနေရာမှာ Station Hospital ဆောက်မယ်ဆိုရင် ဆောက်လုပ်ရေးပစ္စည်း သယ်တာကအစ အလွန့်အလွန်လည်းခက်ပါတယ်။

နောက်တစ်ချက်က မြို့နယ်တစ်မြို့နယ်ထဲမှာ ကျွန်တော်တို့ ဒါကိုပါ Station Hospital ပေးမယ်ဆိုရင် သူကStation Hospital က လေးခုလောက်ဖြစ်သွားမယ်ဆိုတော့ တစ်နှစ်အတွင်း မှာတော့ ကျွန်တော်တို့ လောလောဆယ် မပေးတော့မပေးပါဘူး။ သို့သော်လည်း ဒီအခြေအနေကို ကျွန်တော်တို့ အမြဲသုံးသပ်နေပါတယ်။ ထို့အပြင် သူနဲ့အနီးဆုံးမိုင်(၂၀)ဝေးတဲ့ မီးဇာHospital မှာ ကျွန်တော်တို့က ဒီဇင်ဘာလကစပြီးတော့ ဆရာဝန်ရှိအောင်လုပ်မယ်။ မရှိရင် ကျွန်တော်တို့ ဟားခါး ဆေးရုံကနေပြီးတော့ Relievingအမြဲပေးနေပါတယ်။ အဲဒီတော့ ဒီကိစ္စကတော့ ကျွန်တော်အဲဒီလို ဆောင်ရွက် ပေးပါမယ်။ သို့သော်လည်း ဒီနေရာမှာပြည်သူများသည် အလွန်ဝေးကွာပြီးခေါင်တဲ့ နေရာမှာနေတာဖြစ်တယ်။ Station Hospital ပဲဖြစ်ဖြစ်၊ ကျေးလက်ကျန်းမာရေးပဲဖြစ်စေ၊ အဲဒီမှာရှိတဲ့ ဆေးပစ္စည်း၊ အခြားပစ္စည်း၊ ဆရာဝန်၊ သူနာပြုတွေကိုရှိအောင်ကျွန်တော်တို့က အမြဲလေ့လာ နေပါတယ်။

အဲဒီတော့ ဒီမှာတော့အထူးကိစ္စအနေနဲ့ ကျွန်တော်သေသေချာချာလေ့လာပြီးတော့ ကျွန်တော်တို့ဒီပြည်နယ်ဦးစီးမှူးကိုလည်းတင်ပြပြောကြားပြီးတော့ အဲဒီမှာ ကိုယ်တိုင်သွားရောက် ကြည့်ရှုပြီးတော့ လိုအပ်တဲ့ ဆေးပစ္စည်း၊ ဆေး၊ ဆေးဝါးကိရိယာတွေကို အမြန်ဆုံးဖြည့်ဆည်း ပေးပါမယ်။ အဲဒီတော့ ဒီနှစ်အတွင်းမှာတော့ ကျွန်တော်တို့ ဒါကိုမစဉ်းစားသေးပါဘူး။ သို့သော် ကျွန်တော်တို့ အမြဲတမ်း Surveillance လုပ်နေပြီ။ လိုအပ်လို့ရှိရင်တော့ ပေးမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ရှမ်းပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၏ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားပါမယ်။ မေးခွန်းကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ပြည်သူ့ဆေးရုံကြီးအား ခုတင် (၅၀)မှခုတင် (၁၀၀) ဆံ့ တိုးမြှင့်ရန်နှင့် ချင်းရွှေဟော်မြို့၏ (၁၆) ခုတင်ဆံ့အား(၂၅)ခုတင်ဆံ့အဖြစ်တိုးမြှင့်ရန်၊ တိုးမြှင့်နဲ့တောင်းတဲ့အခါမှာ ကျွန်တော်တို့ အသေးစိတ်လေ့လာပါတယ်။ လေ့လာတဲ့အခါမှာ ဒီရှမ်းပြည်မြောက်ပိုင်း၊ လောက်ကိုင်မြို့နယ်တွင် လူဦးရေ(၉၄၀၀၀)ကျော်နေထိုင်ပြီးတော့ ကျန်းမာရေး စောင့်ရှောက်မှုအားဖြင့် ခုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံနဲ့ တိုက်နယ်ဆေးရုံနှစ်ရုံ၊ စုစုပေါင်း ဆေးရုံ(၃)ရုံနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပါတယ်။

အဲဒီတော့ ဒီလောက်ကိုင်ဆေးရုံရဲ့ အတွင်းလူနာဦးရေကို ကျွန်တော်တို့ လေ့လာတဲ့အခါမှာ တော့ ၂၀၁၁ကနေ ၂၀၁၃အထိ တစ်နှစ်ကို (၁၅၀၀)ပဲရှိပါတယ်။ ၂၀၁၄မှာတော့ (၂၅၂၄)ဦးအထိ တိုးမြှင့်လာသော်လည်း ၂၀၁၅မှာတော့ နယ်မြေအခြေအနေမငြိမ်သက်မှုအရ (၆၄၉)ဦးအထိ ကျဆင်းသွားပါတယ်။ တစ်နေ့တစ်နေ့ကိုလာတဲ့ပျမ်းမျှအတွင်းလူနာက အလွန်နည်းပါတယ်။ ၂၀၁၁ခုနှစ်မှာ (၁၁)ဦးပဲရှိ ပါတယ်။ ၂၀၁၂ခုနှစ် မှာ (၁၀)ဦးပဲရှိပါတယ်။ ၂၀၁၃ မှာ (၁၂)ဦးပဲရှိပါတယ်။ ၂၀၁၄ မှာ (၂၅)ဦး ရှိပြီးတော့ ၂၀၁၅ခုနှစ်မှာ ဇွန်လအထိ (၅)ဦးပဲရှိပါတယ်။ အဲဒီတော့ (၆)နှစ်စာအနေဖြင့် တစ်နှစ်ကို တစ်နေ့ကိုပျမ်းမျှလူနာ (၁၅)ဦးပဲရှိပါတယ်။ ခုတင်က (၂၅)ခုတင်ဖြစ်တဲ့အတွက် လုံလောက်ပါတယ်။ အဲဒီတော့ ဆေးရုံရဲ့ခုတင်အသုံးချမှုနှုန်းကိုလည်း ကျွန်တော်တို့လေ့လာတဲ့အခါမှာ ၂၀၁၁ခုနှစ်မှာ (၂၁.၇)ရာခိုင်နှုန်း၊ ၂၀၁၂မှာလည်း (၂၀)ရာခိုင်နှုန်း၊

၂၀၁၃မှာလည်း (၂၄)ရာခိုင်နှုန်း၊ ၂၀၁၄မှာလည်း (၄၉.၈)(၅၀)ရာခိုင်နှုန်းနီးပါး ရှိပြီးတော့ ၂၀၁၅မှာ (၁၀) ရာခိုင်နှုန်း ပြန်ကျသွားပါတယ်။ အဲဒီတော့ ၂၀၁၆ကျတော့ (၅၃)ရာခိုင်နှုန်းအထိတော့ တက်ပါတယ်။ သို့သော် (၆)နှစ်စာ ပျှမ်းမျှအနေနဲ့တော့ ကျွန်တော်တို့ (၂၉.၈)ရာခိုင်နှုန်းရှိကြောင်းပဲ စစ်ဆေးတွေ့ရှိပါတယ်။

သို့ဖြစ်ပါ၍ လောက်ကိုင်ခရိုင်၊ ခုတင်(၅၀)ဆံ့ခရိုင်ဆေးရုံအား ခုတင်(၁၀၀)ဆံ့သို့ တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်။ လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော် တိုက်နယ်ဆေးရုံပိုင်မြေကိုလည်း အိမ်ခြေ(၇၂၁)အိမ်၊ လူဦးရေ(၂၉၃၁)ဦး ရှိပါတယ်။ ကွမ်းလုံပြည်သူ့ ဆေးရုံနဲ့တော့ (၁၄)မိုင်ပဲ ဝေးပါတယ်။ လောက်ကိုင်ခရိုင်ဆေးရုံသို့ သွားရောက်ဖို့ အချိန်(၁)နာရီ ကြာပါတယ်။ ချင်းရွှေဟော် တိုက်နယ်ဆေးရုံမှာလည်း ကျွန်တော်တို့အနေနဲ့ အတွင်းလူနာဦးရေကို ကြည့်တဲ့အခါမှာ ၂၀၁၁မှာ (၁)ဦး၊ ၂၀၁၂မှာ (၂)ဦး၊ ၂၀၁၃မှာ (၆)ဦး၊ ၂၀၁၄မှာ (၁၂)ဦး၊ ၂၀၁၅မှာ (၃)ဦး၊ ၂၀၁၅ မှာတော့ အနည်းငယ်မြင့်တက်လာပါတယ်။ (၁၅)ဦးရှိသော်လည်း ၂၀၁၅မှာ ပြန်ကျသွားကြောင်းကို တွေ့ရပါတယ်။

အဲဒီတော့ ၂၀၁၁ကနေ၂၀၁၆ခုနှစ်၊ ဇွန်လအထိစာရင်းဇယားများအရ တစ်ရက်ကိုပျှမ်းမျှ အတွင်းလူနာက (၇)ဦး ပဲရှိပါတယ်ခင်ဗျ။ ဆေးရုံကလုံလောက်ပါတယ်။ ဆေးရုံခုတင်တွေက၊ ဆေးရုံခုတင်အသုံးပြုမှုရာခိုင်နှုန်းနဲ့ တွက်တဲ့အခါမှာ ၂၀၁၁ခုမှာ (၂၈)ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၂မှာ (၁၀)ရာခိုင်နှုန်း၊ ၂၀၁၃မှာ(၃၇)ရာခိုင်နှုန်း၊ ၂၀၁၄မှာ (၇၀)ရာခိုင်နှုန်း၊ ၂၀၁၅မှာ(၁၈) ရာခိုင်နှုန်း၊ ၂၀၁၆ဇွန်လအထိတော့ (၉၄) ရာခိုင်နှုန်းရှိပါတယ်။ (၆)နှစ်စာပျှမ်းမျှကတော့ (၄၄)ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဆိုလိုတာက ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ကတော့ခုတင်တိုးဖို့ကို လောလောဆယ်မပေးနိုင်သေးပါဘူး။ သို့သော်လည်း ဒီဆေးရုံ(၂)ရုံမှာရှိတဲ့ လူအင်အား၊ သူနာပြု ဆရာမ၊ ဆရာဝန်၊ ဆေးပစ္စည်း၊ ခွဲစိတ်ခန်း ပစ္စည်းတွေကိုလည်း ကျွန်တော်အထူး Special Program အနေနဲ့ကျွန်တော်တို့ ဒီပြည်နယ်ဦးစီးမှူးကို သွားရောက်ကြည့်ရှုစေပြီးတော့ လိုအပ်တာကို ချက်ချင်း အမြန်ဆုံးပံ့ပိုးပေးပါမယ်။ လောလောဆယ်တော့ ကျွန်တော်တို့ တိုးဖို့အခြေအနေ မရှိသေးပါဘူး။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်အမှတ်(၉)မဲဆန္ဒနယ်မှ ဒေါ်ခင်ဆွေလွင်၏ မေးခွန်းကို ဖြေကြားပါမယ်။ ဒီမေးခွန်းဟာ အလွန့်အလွန် ကျွန်တော်တို့တိုင်းပြည်အတွက် အရေးကြီးတဲ့ မေးခွန်းလည်းဖြစ်ပါတယ်။ ဒီမေးခွန်းမေးခြင်းကိုလည်း ကျွန်တော့်အနေနဲ့ အထူးလည်းကျေးဇူးတင် ပါတယ်။ နှစ်လည်းနှစ်ခြိုက်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ အချိန်တော့ နည်းနည်း ပိုပါမယ်ခင်ဗျား။ အကုန်လုံးလည်းကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း သိစေချင် ပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့ကို မြို့နယ်တိုင်း၊ ပြည်နယ်တိုင်းထဲက ကျွန်တော်တို့ကို ဘယ်လိုပံ့ပိုးရမလဲဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ထင်ရှားစွာသိမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမေးခွန်းမှာပါတာ တော်တော်များပါတယ်ခင်ဗျား။ အမျိုးသမီးများအတွက် မိသားစုစီမံကိန်းနှင့် ပတ်သက်သော သားဆက်ခြားခြင်း(Birth Spacing) ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးဆိုင်ရာဗဟုသုတနှင့်သတင်းအချက်အလက်များ ရရှိနိုင်မှု၊ လုံလောက်သော ကျန်းမာရေး

ဂရုပြုစောင့်ရှောက်မှု၊ အာဟာရဖြည့်တင်းမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ဘာတွေလုပ်နေလဲ။ ရှေ့ဆက်လက်ပြီး ဘာလုပ်မလဲ။ ဘတ်ဂျက်တိုးမတိုးကိစ္စနဲ့ မေးထားပါတယ်။

ဒီမေးခွန်းက အလွန့်အလွန်ကျယ်ပြန့်တဲ့မေးခွန်းဖြစ်ပြီး အလွန်လည်းကောင်းပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က တစ်ချက်ချင်းဖြေသွားပါမယ်။ (၁) ကျွန်တော်တို့အနေနဲ့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ဦးစားပေး Program တစ်ခုသည်Health Education andSchool Health ဖြစ်ပါတယ်။ Health Education ဆိုတာက Health LiteracyPromotion ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အနေနဲ့ ဦးစားပေးနံပါတ်တစ်လုပ်နေပါတယ်။ (၂) ကျွန်တော်တို့ တစ်ပြည်လုံးမှာရှိတဲ့ ထုတ်ပြီးသမျှကျန်းမာရေးပိုစတာ၊ Pamphletတွေကို ကျွန်တော်တို့က ခေတ်နဲ့အညီပြောင်းဖို့ အတွက်ကို အားလုံးအခုလေ့လာနေပါတယ်။ စတင်ပြီးတော့လည်း ပြောင်းနေပါတယ်။ ပြောင်းပြီး လို့ရှိရင် သက်ဆိုင်ရာဘာသာရပ်နဲ့ ကျွန်တော်တို့ပြောင်းပါမယ်။ ချင်းဆိုရင်ချင်း၊ ရှမ်းဆိုရင်ရှမ်း၊ ကချင်ဆိုရင်ကချင် ဒါမျိုးနဲ့ ကျွန်တော်တို့အခု လုပ်ဖို့လုပ်နေပါတယ်။ Holistic Review လုပ်နေ ပါတယ်။ (၃)လုပ်ဆောင်သူများအားလုံးကိုလည်းကျွန်တော်တို့ကကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်တဲ့ နည်း၊ မူ၊ မဟာဗျူဟာ၊ နည်းဗျူဟာများနဲ့အားလုံးလုပ်တဲ့အပြင် ကျွန်တော်တို့ ကမ္ဘာမှာ Global Health Promotion Conference (၉)ကြိမ်ရှိပါပြီ။

နောက်ဆုံးအကြိမ်သည် ကျွန်တော်တို့ရှန်ဟိုင်းမှာ ပြီးခဲ့တဲ့လကလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရှန်ဟိုင်းမှာလုပ်တုန်းကလည်း ကျွန်တော့်အနေနဲ့ Panel Discussion မှာဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အသေးစိတ်ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ အင်္ဂလိပ်လိုကတော့ Maternal and New Born Child Health and Reproductive Health, How can Health Literacy Accelerate the Pace of Programsလွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းနဲ့ အံကိုက်ပါပဲ။ ဒီမှာပါတာတွေအကုန်လုံး ကျွန်တော်တို့စပြီးလုပ်နေပါတယ်။ ဒီနေရာမှာတော့ အသေးစိတ် မပြောပါဘူး။ ဒီဥစ္စာကလည်း ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနရဲ့ Website မှာ အကုန်တင်ထားပါတယ်။ ကျွန်တော်ဒီ အတိုင်းစပြီး လုပ်နေပါတယ်ခင်ဗျား။ အဲဒီတော့ဗမာလိုပြန်မယ် ဆိုရင်တော့ ကျန်းမာရေးစာတတ်မြောက်မှု မြှင့်တင် ခြင်းအားဖြင့် မိခင်၊ မွေးကင်းစကလေးနှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးတိုးတက်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ကျွန်တော်တို့ရဲ့Sustainable Development ကို အမြဲ ပြောနေတဲ့ SDG ကိုဘယ်လိုမီမလဲဆိုတာကို ကျွန်တော်တို့ လုပ်နေပါတယ်။

(၄) ဝေးလံခက်ခဲသော ဒေသများအတွက်ဆိုရင်တော့ ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီး ဌာနတစ်ခုတည်းနဲ့လုပ်လို့မရပါဘူး။ တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(Ethnic Health Organization)၊လူထုအခြေပြုကျန်းမာရေးအဖွဲ့(Community Based Organization)၊ နောက်ပြီးတော့ လူမှုရေးအသင်းအဖွဲ့(Civic Society)၊ကျွန်တော်တို့အထူးသဖြင့် အခြေခံကျန်းမာရေး လုပ်သား၊ ကျန်းမာရေးမှူး၊ Public Health Supervisor-၁/၂၊ နောက် Midwifeဒါတွေကို ကျွန်တော်တို့က သူတို့အရှိန်အဟုန်နဲ့ ကျွန်တော်တို့ ဆောင်ရွက်မှာပါ။ နောက်တစ်ချက်ကျွန်တော် လွှတ်တော် ကိုယ်စားလှယ်ကြီးက တင်ပြထားတာ ကျွန်တော်တို့ တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ Basic Health Worker ဖြစ်တဲ့ကျန်းမာရေးမှူး၊ ပြည်သူ့ကျန်းမာရေးလုပ်သားအဆင့်(၁)၊ (၂)။ သားဖွားဆရာမများကို တစ်ပြည်လုံးအတိုင်းအတာနဲ့ Reorientation in Service Training များကို

ကျွန်တော်တို့ ဒီဇင်ဘာလကစပြီးလုပ်နေပါပြီ။ ကျွန်တော်တို့လည်း သိပါတယ်။ အခြေခံ Basic HealthServiceWorkersမပါရင် ကျန်းမာရေးဝန်ကြီးဌာနလုပ်ငန်းက လုံးဝမအောင်မြင်နိုင်ပါဘူး။

အဲဒီတော့ သူတို့သည်အားလုံးသိနေရမယ်။ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ Health Literacy ပေါ့။ အသိဉာဏ်၊ ပြည်သူများအသိဉာဏ် ဖွံ့ဖြိုးမှုသည်ကျွန်တော်တို့ လူတွေကိုက ဝန်ထမ်းတွေကစပြီးတော့ အသိဉာဏ်ဖွံ့ဖြိုးမှုဖြစ်မယ်။ ဒီကိစ္စအတွက်ကို ကျွန်တော်တို့ ဒါကို Systematically စပြီး ဒီဇင်ဘာလမှာလုပ်ဖို့ရှိပါတယ်။ (၅)ဒီကျန်းမာရေးဆိုင်ရာ ဗဟုသုတနဲ့ အသိပညာတိုးတက်စေရန် အတွက် မျိုးဆက်သစ်လူငယ်၊ ဆယ်ကျော်သက်လူငယ်တွေ Adolescenceကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ သင်တန်းများကိုလာမည့် ၂၀၁၇နှစ်အတွင်း ချင်းပြည်နယ် မြို့နယ်မှာရှိတဲ့ မြို့နယ်များ အားလုံးကို အခြေခံကျန်းမာရေးလုပ်သားများနှင့်အတူ သင်တန်းများပို့ချသွားမယ် ဆိုတာက ဒါကဆုံးဖြတ်ထားပြီးသား ချင်းပြည်နယ်မှာလုပ်ပါမယ်။ (၆)တိုင်းရင်းသား ဘာသာစကားများဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များထုတ်လုပ်ခြင်း၊ မီဒီယာများ၊ အထူးသဖြင့် FM Radio Station Line များကထုတ်လွှင့်ခြင်းတို့ကို ယခုထက်ပိုတိုးပြီးဆောင်ရွက်လျက်ရှိပါတယ်။

(၇) ကျန်းမာရေးပညာဌာန၏ ရည်မှန်းချက်၊ နည်းဗျူဟာ၊ မဟာဗျူဟာများကိုလည်း ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့ ကျွန်တော်တို့အားလုံး လေ့လာသုံးသပ်ပြီး Approve လုပ်လိုက်ပါပြီ။ ဒီမှာပါတဲ့ နည်းဗျူဟာ၊ မဟာဗျူဟာနဲ့ တစ်ပြည်လုံးအတိုင်းအတာနဲ့လုပ်ပါမယ်။ ချင်းပြည်နယ်ကိုလည်း ကျွန်တော်တို့ ဦးစားပေးပြီးလုပ်ပေးပါ့မယ်။ အထူးသဖြင့် ပြည်နယ်များကို ကျွန်တော်တို့ အနေနဲ့ဦးစားပေးလုပ်နေပါတယ်။ (၈) ကျန်းမာရေးအသိပညာအစီအစဉ်များကို ပြည်သူတစ်ရပ်လုံးကို ပိုမိုထိရောက်စေရန်အတွက် ရန်ပုံငွေသုံးစွဲမှုကိုလည်း ကျွန်တော်တို့က ပိုမိုချထားတယ်။ ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေးတဲ့ဘတ်ဂျက်မှာလည်း ကျွန်တော်တို့က ကျန်းမာရေး ပညာပေး (Health Literacy Promotion) ရန်ပုံငွေကျွန်တော်တို့ပိုပြီးတော့ ပေးထားပါတယ်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှာရှိတဲ့ ကျန်းမာရေးပညာဌာနမှာရှိတဲ့ ဝန်ထမ်းများကိုလည်း အနီးအနားနိုင်ငံများကို သွားရောက်ပြီးလေ့လာဖို့ လွန်ခဲ့သောနှစ်လက စပြီးတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ပြောထားပါတယ်။ ပိုက်ဆံလည်းရှိပါတယ်။ ရလို့ရှိရင် သူတို့သွားကြည့်မယ်။ အခြားနိုင်ငံကျွန်တော်တို့ရဲ့ အလားတူနိုင်ငံတွေမှာ ဘာတွေလုပ်နေလဲ။ ကောင်းတာကို ကျွန်တော်တို့ ယူဖို့ လွှတ်ဖို့ရှိပါတယ်။ ကျွန်တော်တို့ ဆက်လက်ပြီးလုပ်ပါမယ်။

(၉)လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသည့် သားဆက်ခြားခြင်း (Birth Spacing)၊ ကိုယ်ဝန်ဆောင်ခြင်း (Preganancy)၊ မီးဖွားခြင်း (Delivery)နှင့်ပတ်သက်သော လုပ်ငန်းများကို ပိုမိုပီပြင်ဖို့ဆိုရင်တော့ ကျွန်တော်တို့က ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးကို ပီပြင်အောင် Systematize the Health System လုပ်ထုံးလုပ်နည်း၊ Guide Line and Operating Procedure တွေအကုန်လုံးကျွန်တော်တို့က စပြီး Update လုပ်နေပါတယ်ခင်ဗျ။ (၁) ပြည်သူလူထုရဲ့အသံကို နားထောင်ဖို့ ကျွန်တော်တို့ ပြည်သူလူထုရဲ့အသံတွေကိုလည်း အကုန်ရပြီးပါပြီ။ သို့သော်လူမှုရေး ဝန်ကြီး၊ပြည်သူလူထု၊ အခြေခံကျန်းမာရေးလုပ်သား၊ Community Based Organization အသံကိုရဖို့အတွက်ကို ကျွန်တော်တို့ ဇန်နဝါရီနောက်ဆုံးပတ် သို့မဟုတ် ဖေဖော်ဝါရီအစမှာ People Health Assembly ဆိုပြီး ကျွန်တော်တို့ လုပ်ပါမယ်။ ဒီလိုလွှတ်တော်လိုဟာမျိုးပေါ့။ (၂)ရက်။

People Health Assembly ခေါ်ပြီး သူတို့တင်ပြကြမယ်။အဲဒီမှာကျွန်တော်တို့ ဆေးရုံတက်ပြီးတဲ့လူနာလည်း ပါမယ်။ သူတို့ရဲ့အသံကို တစ်ခါတည်းနားထောင်မယ်။ ကျွန်တော်က လူမှုရေးဝန်ကြီးတွေပါ အကုန်ဖိတ်ဖို့စီစဥ်ထားပါတယ်။

ဇန်နဝါရီနောက်ဆုံးပတ် သို့မဟုတ် ဖေဖော်ဝါရီပထမအပတ်မှာလုပ်ဖို့ ကျွန်တော်တို့ လုပ်ထားပါတယ်။ သို့မှသာလျှင်ကျွန်တော်တို့ လုပ်ငန်းဟာပီပြင်မယ်။ မဟုတ်ရင် လိုတာတခြား၊ ပေးတာတခြားဖြစ်မှာစိုးတဲ့အတွက် People HealthAssembly ကို အမြန်ဆုံးလုပ်ဖို့ ရှိပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ဒီသားဆက်ခြားစောင့်ရှောက်မှုလုပ်ငန်း(Birth Spacing) နဲ့ မျိုးဆက်ပွား (Reproductive Health)ကိုကျေးလက်ကျန်းမာရေးအထိ ဆက်လက်ပြီးလုပ်ဖို့အစီအစဥ်များ ချမှတ်ပြီးရေးဆွဲပြီးတော့ ကျွန်တော်တို့ လောလောဆယ် အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇ ကနေပြီးတော့ ၂၀၂၂ နှစ်ကိုဆွဲနေပါတယ်။ ဒီအထဲမှာကျွန်တော်တို့ အကုန်ထည့်ပြီးပါပြီ။ စတာနဲ့ နောက်နှစ်မှာ ကျွန်တော်တို့အကုန်လုပ်မယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ လုပ်ငန်းများအားလုံးသည် ကျွန်တော်တို့ တစ်ခုတည်း လုပ်လို့မရပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ UNFPA,World Bank, 3MDG, INGO တွေနဲ့ပေါင်းပြီးလုပ်ဖို့ ကျွန်တော်အကုန်လုံးလည်း အစီအစဥ်ဆွဲထားပါပြီ။ ကျွန်တော်တို့ အရှိန်အဟုန်လုံးဝမြှင့်မှာပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ကျွန်တော်တို့ရဲ့ကလေးသူငယ်များသည် ကျန်းမာမှသာလျှင်ကျွန်တော်တို့ တိုင်းပြည်ရဲ့နောင်ရေးကအေးမယ့်ဖြစ်တဲ့အတွက် အဓိကတာဝန်အနေနဲ့ လုပ်နေပါတယ်။ (၁၁)ခုနကျွန်တော်ပြောသည့်အတိုင်း ဒီဇင်ဘာလမှစပြီးတော့ ကျွန်တော်တို့မှာ ရှိနေတဲ့ အခြေခံကျန်းမာရေးလုပ်သားအားလုံးကို ကျန်းမာရေးပညာဆင့်ပွား ဘယ်လိုလုပ်ရမယ်၊ ဘာလုပ်ရမယ် ဆိုတာကိုကျွန်တော်တို့ သင်တန်းများပေးဖို့လုပ်ထားပါတယ်။ (၁၂)အထူးသဖြင့် Basic Health Service မှာ သားဖွားဆရာမများကို အရေးပေါ်ကြုံတွေ့နိုင်သော ကိုယ်ဝန်ဆောင်နှင့် သားဖွားခြင်းဆိုင်ရာ ပြဿနာများ အရေးပေါ်ကုသများမှုများအတွက် အခြေခံအရေးပေါ်သားဖွားပြုစု စောင့်ရှောက်ခြင်းဆိုင်ရာသင်တန်း (Basic Emergency Obstetric Care Training-BEMOT) လို့ခေါ်ပါတယ်။ အဲဒါကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လုပ်တဲ့အခါမှာ ယခုလောလောဆယ် (၁၃၅)မြို့ နယ်ပြီးသွားပါပြီ။ ၂၀၁၆-၂၀၁၇မှာ (၁၂၁)မြို့နယ်မှာ လုပ်နေပါတယ်။ ၂၀၁၇ခုနှစ် နောက်ပိုင်းမှာ ကျွန်တော်တို့ ဆက်လက်ပြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ ဖိပြီးလုပ်ဖို့ ကျွန်တော်တို့ရှိပါတယ်။

ချင်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးမှာရှိတဲ့ Basic Health Service ကိုလည်း 3MDG အထောက်အပံ့နဲ့ ၂၀၁၅-၂၀၁၆နှစ်အတွင်း သင်တန်းများပို့ချခဲ့ပြီးဖြစ်ကြောင်း လည်းပြောကြားလိုပါတယ်။ သင်တန်းများပို့ချတဲ့အပြင် သင်ထောက်ကူပြုပစ္စည်းများ၊ လိုအပ်သော ဆေးဝါးများကိုလည်း ပံ့ပိုးခဲ့ပါတယ်။ နောက် ဒီဟာကိုချင်းပြည်နယ်မှာတင်မကဘူး။ အခြားပြည်နယ် မှာလည်း ပံ့ပိုးတာဟုတ်သလား၊ မဟုတ်ဘူးလား၊ အကျိုးရှိလား၊ မရှိဘူးလားဆိုတာကို ဆန်းစစ်ဖို့လည်း ဒီဇင်ဘာလ (၂၂)ရက်နဲ့ (၂၃)ရက်နေ့မှာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်သူများ အထူးဆွေးနွေးဖို့ လုပ်ထားပါတယ်။ ဒီဇင်ဘာလမှာ လုပ်မှာပါ။ (၁၃)မြန်မာနိုင်ငံတွင် သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှု မိသားစုစီမံကိန်းလုပ်ငန်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်း။

သုံးစွဲသူစိတ်ကြိုက် ၎င်းတို့နှင့် သင့်တော်ပြီး ကိုယ်တိုင်ရွေးချယ်သော Client's Choice နည်းလမ်းများကို ကျေးလက်အောက်ခြေအထိ လက်လှမ်းမီဖို့ဆောင်ရွက်လျက်ရှိတယ်။

ခေတ်ပေါ်သားဆက်ခြားနည်းလမ်းများဖြစ်တဲ့ နေ့စဉ်ဆေးသောက်ခြင်း၊ သုံးလခံဆေးထိုးခြင်း၊ ကွန်ဒုံးကအစ သားအိမ်အတွင်းထည့်တဲ့ပစ္စည်းများအပြင်နောက်ဆုံးပေါ် Implant ပေါ့။ အသားထဲမှာထည့်ပြီးသုံးနှစ်လောက်ခံပါတယ်။ အဲဒါကိုလည်း ကျွန်တော်တိုက်နယ်ဆရာဝန်လောက်အထိလုပ်ဖို့ သင်ထားပြီးပါပြီ။ ဒီပစ္စည်းကိရိယာအားလုံး ကျွန်တော်အားလုံး Free ပေးပါတယ်။ ဒီImplant ကလည်းFree ပါပဲ။ အဲဒါရလို့ရှိရင် မလိုအပ်တဲ့အတွက် ကလေးမမွေးဘူး။ ကလေးကကျွန်တော်တို့ Birth တစ်ယောက်နဲ့တစ်ယောက်ကို တစ်နှစ်ခြား၊ နှစ်နှစ်ခြားပြီး အဲဒီလိုမွေးတယ်။ ဒီကိစ္စတွေလုပ်မှပဲ ကလေးတွေက ကျန်းမာတဲ့အတွက် ဒီလိုလုပ်ခြင်းဖြစ်ပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ Nutrition နဲ့ ပတ်သက်လို့ ကျွန်တော်တို့က တော်တော်လုပ်နေပါတယ်။ ဘယ်လိုလုပ်လဲဆိုတော့ မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် ကလေးများ အာဟာရချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာ အနေနဲ့ဆိုလို့ရှိရင်တော့ ဒီ ကျွန်တော်တို့ အဏုအာဟာရဆေးပြား (Micronutrient Nutrient Tablet)လို့ခေါ်ပါတယ်။ အဲဒီမှာ အားလုံး(၁၅)မျိုးပါပါတယ်။ Multi Vitaminနဲ့Mineral Zincတို့ ဘာတို့ပါပါတယ်။ အဲဒါကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဖြန့်နေပါတယ်။

ထို့အပြင် အမျိုးသမီးများ သွေးအားနည်း (Anaemia)မဖြစ်ဖို့ ပျောက်ဖို့အတွက် (ဖြူရာမင်းဘီစီ)ဆေးပြားကိုလည်း ကျွန်တော်တို့ ကမ္ဘာ့ကျန်းမာရေး UNFPA ပိုက်ဆံနဲ့ အမြောက်အမြား ဝယ်ပြီး လောလောဆယ်လည်း ဖြန့်လျက်ရှိပါတယ်။ ထို့အပြင် ကျွန်တော်တို့ ကလေးမွေးပြီးလို့ရှိရင် များသောအားဖြင့် ကလေးတွေက Vitamin (B1) deficiency (Beri Beri) နဲ့ သေတတ်တဲ့အတွက် မွေးပြီးရင်လည်း ကျွန်တော်တို့က B1 (Tablet)တွေ အကုန်လုပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကတော့ ဒီ အိုင်အိုဒင်းဆား၊ ဒါတွေကို အကုန်ဖြန့်နေပါတယ်။ အကုန်လုံးလုပ်နေပါတယ်။ သို့သော် ကျွန်တော်တို့ကတော့ လုပ်တော့လုပ်တယ်။ ကျွန်တော်တို့လုပ်တာ ဟုတ်လား၊ မဟုတ်လားဆိုတာလည်း အမြဲတမ်းဆန်းစစ်ပါတယ်။ မဟုတ်ရင် ကျွန်တော်တို့က လုပ်ပြီးလွှတ်မထားပါဘူး။ ကျွန်တော်တို့က Monitor အမြဲ လုပ်နေပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ပညာပေးအနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ဒီကိုယ်ဝန်ဆောင်စဉ် သူတို့ကမစားဘဲနဲ့ သူ့ရဲ့ယောကျ်ားကိုကျွေးတယ်။ ဒါမျိုးမဖြစ်အောင် နို့တိုက်နေစဉ်ကာလမှာတော့ သူကထမင်းကိုပိုစားခိုင်းတယ်။ ထမင်းဥပမာ နှစ်နပ်စားတာကို သုံးနပ်စားခိုင်းပါတယ်။ နို့တိုက်တဲ့ အချိန်ကာလမှာ သို့မှသာလျှင် နို့မှာလည်းအာဟာရဖြစ်မယ်။ မိခင်မှာလည်း ဟိုဟာဖြစ်တဲ့အတွက်ရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့လည်း ဒီMicronutrient Tabletတွေကို ပိုက်ဆံပေးတဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတာအနံ့မရှိပါဘူးခင်ဗျား။ ဒီဥစ္စာMicronutrient Tabletက သံချေးအနံ့ လုံးဝမရှိပါဘူး။ အဲဒါကြောင့် သူတို့စားသုံးမှာပါ။ ထို့အပြင်Micronutrient Tabletကို တချို့စားလို့ရအောင်Speckleပေါ့။ အမှုန့်လေးတစ်ထုပ်ကို တစ်ခါစားရင် အဲဒါဖြူးတဲ့ဟာလည်း ရှိပါတယ်။ အဲဒါတွေလည်း ကျွန်တော်တို့ အကုန်လုံးဝေနေပါ

တယ်။ အဲဒီတော့ ဒီအာဟာရနဲ့ နှီးနွှယ်တဲ့ဌာနတွေ၊ လူမှုရေးအဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ကျွန်တော်အားလုံးပေါင်းပြီး လုပ်နေပါတယ်။ ကျွန်တော်တို့က အားလုံးကို ဆန်းစစ်ပြီး လုပ်နေပါတယ်။

နောက် ကျွန်တော်ပြီးပါတော့မယ်ခင်ဗျား။ သိပ်များနေတော့ ကျွန်တော်အားတော့ နာပါတယ်။ ဒီမှာ ကျွန်တော်တို့ ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန်လုပ်ငန်းတွေလည်း ကျွန်တော်တို့ လုပ်နေပါတယ်။ ဆိုလိုတာက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူကျန်းမာရေးဦးစီးဌာနရဲ့၊ ကျန်းမာရေးပညာဌာနဟာ မျိုးဆက်ပွားရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပြည်သူ၊ အမျိုးသမီးများဖြင့် ကျယ်ပြန့်စွာစိမ့်ဝင်သွားဖို့အတွက်ကို ပြည်သူလူထုကိုယ်တိုင် တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်တဲ့ ကျန်းမာရေးပညာနည်းလမ်းများကို ဖော်ထုတ်လေ့ကျင့် ဆွေးနွေးသည့် နည်းပညာများကို စိစစ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအထောက်အကူ ပြုစေရန်၊ ကျန်းမာရေးအသိပညာ ပြည်သူလူထုတွင် ကျယ်ကျယ်ပြန့်ပြန့်စိမ့်ဝင်ရန် နည်းလမ်းများကိုလည်း ကျွန်တော်တို့ခေါ်ပါတယ်။ လူငယ့်ရိပ်မွန်လုပ်ငန်းများလို့ ခေါ်ပါတယ်။ ကျွန်တော်အဲဒီလောက်ပဲ ပြောပါ့မယ်။ အဲဒီဟာကိုလည်း ကျွန်တော်တို့ဆက်လုပ်ပါတယ်။ ဆိုလိုတာက လူငယ်များသည် ဒီ ဗဟုသုတရှိမှသာလျှင် ကျန်းမာမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဗဟုသုတရှိမှသာလျှင် ကျွန်တော်တို့ ဆေးရုံကိုလာတဲ့ လူနာဦးရေလျော့သွားမယ်။ ရောဂါနောက်ကျပြီးရောက်လာတဲ့ လူနာလျော့သွားမယ့်အတွက် ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့ အဓိကဆောင်ရွက်နေပါတယ်။

အဲဒီတော့ ဒီ ငွေရေးကြေးရေး အင်အားအနေနဲ့ကတော့ နိုင်ငံတော်အနေဖြင့် မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးမှတ်တမ်း စာအုပ်များကို ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျွန်တော်တို့ သန်းပေါင်း(၈၇၆၀) ကျွန်တော်တို့ နိုင်ငံတော်က သုံးပါတယ်။ နောက် ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ဒီ သားဆက်ခြား ဆေးဝါးများအတွက်ကိုပဲ ကျွန်တော်တို့က သန်း(၃၅၀၀)သုံးတဲ့အပြင် အခြားဆေးနဲ့ ဆေးပစ္စည်းများကိုလည်း နိုင်ငံတော်က ပိုက်ဆံများ အလွန့်အလွန်ပေးပြီးတော့ ပံ့ပိုးနေတာကို ကျွန်တော်ပြောကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့၊ နိဂုံးချုပ်အနေနဲ့ကတော့ဖော်ပြပါအဓိကဆိုင်ရာ အချက်အလက်များသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့လုပ်လို့မရဘူးဆိုတာကို ထပ်ပြီးတော့တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ကျရာကဏ္ဍမှာကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကိုပံ့ပိုးပေးပါ။ လူမှုရေးဝန်ကြီးနဲ့တွဲပြီး ကျွန်တော်တို့ကိုကူညီပေးပါ။ အဲဒါကြောင့်နောက်တစ်ခါ ကျွန်တော်ဖြေတာ မပြည့်စုံဘူးဆိုရင် ကျွန်တော့်ကို အချိန်မရွေးလာပြီးတော့ လာရောက်ဆွေးနွေးနိုင် ပါတယ်။ ဒါထပ်အသေးစိတ်ကိုလည်း ကျွန်တော်ပြောပြလိုပါကြောင်းတင်ပြရင်း လေးစားစွာပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းတွေကို ဒီလိုအသေးစိတ် တိတိကျကျ ဖြေသွားပေးတဲ့ ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့က ဝန်ကြီးဖိတ်ခေါ်သလို ကျန်းမာရေး

ဌာနနဲ့ ပူးပေါင်းပြီးတော့ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြပါလို့လည်း ဒါ တိုက်တွန်းပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၂၇နာရီအချိန်တွင် ရပ်နားပါသည်။]